# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**သွားလေရာအရပ်၌ အပူဇော်ခံရ**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်း ပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်း ရှိသောသူသည် သွားလေရာအရပ်၌ အပူဇော်ခံရ၏။

ပကိဏ္ဏကဝဂ် (ဓမ္မပဒ - ၃၀၃)


၁၃၈၈ ခုနှစ်၊ ကဆုန်လဆန်း ၁၁ ရက် တနင်္ဂနွေနေ့။ Sunday, 26 April 2026 ၁၂၁၆၀




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

# မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်**

# တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံဆောင်ရွက်ပေးသွားမည်

**တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi**

နေပြည်တော် ဧပြီ ၂၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်သည် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ၏ ဧည့်ဆောင်တော်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ဦးစွာနိုင်ငံတော်သမ္မတက တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်အနေဖြင့် မိမိကို သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာအား ပထမဦးဆုံးပေးပို့ခဲ့ပြီး အလေးအနက်ထားမှုကို ပြသပေးမှုအတွက် ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ အဆွေတော် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးအနေဖြင့်လည်း မိမိဦးဆောင်သည့်အစိုးရအဖွဲ့ တာဝန်ယူဆောင်ရွက်ချိန်တွင် ပထမဆုံးလာရောက်ခဲ့မှုအပေါ်လည်း ကျေးဇူးတင်ရှိပါကြောင်း၊ မိမိတို့အစိုးရအဖွဲ့ တာဝန်ယူချိန်အတွင်း မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့၏ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုတိုးတက်ကောင်းမွန်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

---

ယနေ့ ဖတ်စရာ

**သင်္ဂါယနာသမိုင်း**

ဆောင်းပါး စာမျက်နှာ » ၆

**စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှုနှင့် ပတ်သက်၍ ပြည်သူသို့ အသိပေး ပန်ကြားချက်**

စာမျက်နှာ » ၁၆

**အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်**

စာမျက်နှာ » ၉

**ဒေသတွင်း ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်း၌ တိုးတက်ပါဝင်ချိတ်ဆက်နိုင်ပါက ကုန်သွယ်မှုအပြင် ပြည်သူချင်းဆက်ဆံရေးပါ တိုးမြှင့်တည်ဆောက်နိုင်မည်**

ဆောင်းပါး စာမျက်နှာ » ၁၀

ကြေးမုံ

# တိုင်းပြည်တည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ပူးပေါင်းပါဝင်

နိုင်ငံတော်အစိုးရက PDF အပါအဝင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား ဥပဒေဘောင်အတွင်းဝင်ရောက်ခြင်း၊ ငြိမ်းချမ်းရေးအတွက် တွေ့ဆုံဆွေးနွေးခြင်းများကို ပြုလုပ်နိုင်ရန်အတွက် ဇူလိုင်လ ၃၁ ရက် နောက်ဆုံးထားပြီး ဖိတ်ခေါ်ကမ်းလှမ်းထားသည်။ PDF အမည်ခံအကြမ်းဖက်အဖွဲ့များအား ဥပဒေဘောင်အတွင်း ဝင်ရောက်လာစေရေးအတွက် အသိပေးအကြောင်းကြားလျက်ရှိရာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေနှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေတို့တွင် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်ပြီး ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည်ကို ဝမ်းမြောက်ဖွယ်တွေ့မြင်နေရသည်။

ငြိမ်းချမ်းမှသာ ဒေသတည်ငြိမ်အေးချမ်းရေး၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ထိရောက်စွာလုပ်ကိုင်နိုင်မည်ဖြစ်ရာ ယခုကဲ့သို့ဥပဒေဘောင်အတွင်းသို့ဝင်ရောက်လာကြသည့်အတွက် ဦးစွာအဆိုပါဒေသများတွင် တည်ငြိမ်အေးချမ်းပြီး ဒေသခံပြည်သူများ နှလုံးစိတ်ဝမ်းချမ်းသာ အေးချမ်းသာယာဝပြောတော့မည်ဖြစ်သည်။ မေ ၂၄ ရက်က ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား မိဘအုပ်ထိန်းသူများထံ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်ရှိ စစ်ရေးပြကွင်း၌ ကျင်းပပြုလုပ်ခဲ့ရာ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အသီးသီးမှ PDF အမည်ခံ အမျိုးသား ၄၇၀ နှင့် အမျိုးသမီး ၄၇ ဦး စုစုပေါင်း ၅၁၇ ဦးတို့သည် လက်နက်ခဲယမ်းများနှင့်အတူ အလင်းဝင်ရောက်လာခဲ့ကြသည်။

ယခင်ကလည်း PDF အမည်ခံ လူငယ်လူရွယ်အမျိုးသား အမျိုးသမီးငယ်တို့သည် ဥပဒေဘောင်အတွင်းသို့ ဆယ်ဂဏန်း၊ ရာဂဏန်းအသုတ်လိုက် အလင်းဝင်ရောက်လာခဲ့ကြရာ ယခုအခါ အနာဂတ်မျိုးဆက်သစ် လူငယ်လူရွယ်ထောင်နှင့်ချီ၍ မိဘရင်ခွင်တွင်ခိုလှုံကာ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်နိုင်ကြပြီဖြစ်သည်။ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံ အဖွဲ့ဝင်အများစုသည် မိသားစုဝင် မိဘဆွေမျိုးများအား အတင်းအကျပ် ခြိမ်းခြောက်အကျပ်ကိုင်၍ အဓမ္မစုဆောင်းခံရသူများဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက မေတ္တာစေတနာထား၍ အလင်းဝင်ရောက်ရန် ဖိတ်ခေါ်ခဲ့ရာ စွန့်လွှတ်စွန့်စား၍ ဥပဒေဘောင်အတွင်း ရောက်ရှိလာကြသူများဖြစ်သည်။

PDF အမည်ခံ အကြမ်းဖက်အဖွဲ့များသည် နိုင်ငံ၏အချို့သော နေရာဒေသများတွင် အဖျက်အမှောင့်လုပ်ရပ်မျိုးစုံ ကျူးလွန်နေကြသည်ကိုတွေ့ရှိရပြီး အများစုအနေဖြင့် ဆက်ကြေးများ၊ ဂိတ်ကြေးများတောင်းခံခြင်း၊ ဒေသအလိုက်ထွက်ရှိသော သစ်တောသယံဇာတပစ္စည်းများ၊ မြေပေါ်မြေအောက် သယံဇာတပစ္စည်းများကို တရားမဝင်ထုတ်ယူ၍ ၎င်းတို့ကိုယ်ကျိုးစီးပွားအတွက် အသုံးပြုနေကြသည်။ PDF အကြမ်းဖက်အောက်တွင် ရောက်ရှိနေကြသော လူငယ်လူရွယ်မောင်မယ်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ ၎င်းတို့အဖွဲ့များအတွင်း၌ပင် အထက်အောက် အဆင့်အတန်းခွဲခြား၍ အချင်းချင်းဖိုလ်ကျနှိပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မကျူးလွန်ခြင်းစသည်တို့ကြောင့် အလင်းဝင်ရောက်လာကြခြင်းဖြစ်သည်။

ထို့အပြင် PDF အမည်ခံအကြမ်းဖက်အဖွဲ့များအနေဖြင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်စွမ်းမရှိတော့ဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ယုံကြည်လက်ခံပြီး ဥပဒေဘောင်အတွင်း အေးချမ်းစွာနေထိုင်၍ ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုပေးဆပ်လိုခြင်းတို့ကြောင့် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြခြင်းဖြစ်ကြောင်း သိရသည်။ နိုင်ငံတော်အစိုးရနှင့်တပ်မတော်အနေဖြင့် မမျှော်လင့်ဘဲ အကြမ်းဖက်လမ်းစဉ်သို့ရောက်ပြီး အမှန်တရားကိုနားလည်လာသည့် လူငယ်မောင်မယ်များကို နွေးထွေးပျူငှာစွာ လက်ခံကြိုဆိုပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခြင်း၊ အခက်အခဲလိုအပ်ချက်များကို ကူညီပေးခြင်းတို့ကြောင့် အဆိုပါလူငယ်များမှာ ဝမ်းမြောက်ဝမ်းသာဖြစ်လျက်ရှိသည်။

ယခုအခါ တစ်သုတ်ပြီးတစ်သုတ် ဥပဒေဘောင်အတွင်း ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျလွှဲပြောင်းပေးလျက်ရှိသဖြင့် ဥပဒေဘောင်အတွင်းသို့ပြန်လည်ဝင်ရောက်ရန်ဆန္ဒရှိသူများ အမြောက်အမြားကျန်ရှိနေသေးသည်ဟု သိရသည်။ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့်ရဲစခန်းများသို့ အမြန်ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်ခဲယမ်းများအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ PDF အမည်ခံ လူငယ်လူရွယ်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များကို ကိုယ်တိုင်တွေ့ကြုံခံစားကြရပြီး မှားယွင်းသောလုပ်ရပ်များကို သိမြင်ကာ နိုင်ငံတော်အစိုးရနှင့်တပ်မတော်ကထားရှိသည့်စေတနာများကို နားလည်သဘောပေါက်ပြီး ဥပဒေဘောင်အတွင်းဝင်ရောက်လာမှုများကို ဝမ်းမြောက်ဝမ်းသာဖြစ်ကြရသလို ကျန်ရှိသောလူငယ်မောင်မယ်များအနေဖြင့် ဥပဒေဘောင်အတွင်းသို့ ဆက်လက်ဝင်ရောက်၍ တိုင်းပြည်တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွဲပူးပေါင်းဆောင်ရွက်ကြပါရန် တိုက်တွန်းအပ်ပါကြောင်း။ ။

## လူကုန်ကူးခံရသူများအတွက် ညွှန်းပို့ ချိတ်ဆက်ရေးစင်တာ (ရန်ကုန်၊ မန္တလေး)

**လူကုန်ကူးခံရသူများအနေဖြင့် အကူအညီလိုအပ်ပါက ဆက်သွယ် အကူအညီ တောင်းခံနိုင်ပါသည်။**

ရန်ကုန် — အမှတ်(၆၄)၊ ကမ္ဘာအေးဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်။ ၀၁-၈၆၆၆၆၁၉

မန္တလေး — ရွှေကျင်သံလမ်းအနီး၊ ဘုန်းတော်တိုးရပ်၊ အောင်မြေသာစံမြို့နယ်။ ၀၂-၂၈၃၀၄၂၃

## မွေးမြူရေးတိရစ္ဆာန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မွေးမြူရေးတိရစ္ဆာန်များ ရာသီဥတုအပူချိန်ပြင်းထန်လွန်ကဲချိန်တွင် အပူဒဏ်ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) တိရစ္ဆာန်ကို အပူချိန်မြင့်သောအချိန်တွင် အရိပ်ရှိသောနေရာများ၌ထားရှိရန်နှင့် အပူချိန်ပြင်းထန်မှုနည်းပါးသော နံနက်နှင့် ညနေမှသာ လွှတ်ကျောင်းခြင်းပြုရန်၊

(၂) မွေးမြူထားသောတိရစ္ဆာန်များအတွက် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းရန်နှင့် လေလွင့်ဆုံးရှုံးမှု မရှိအောင် ဆောင်ရွက်ထားရန်၊

(၃) ပူပြင်းသောဒဏ်ကို ကာကွယ်ရန်အတွက် ရေဓာတ်ပါသော အစားအစာများကို ဖြည့်စွက်ကျွေးမွေးရန်၊

(၄) တိရစ္ဆာန်များ ရွှေ့ပြောင်းရန်လိုအပ်ပါက သောက်သုံးရေရရှိနိုင်ပြီး အပူဒဏ်မှ ကာကွယ်နိုင်သောနေရာများ စီစဉ်ထားရှိရန်၊

(၅) တိရစ္ဆာန်အစာများဖြစ်သည့် ကောက်ရိုး၊ မြက်စို၊ မြက်နုများ စနစ်တကျ ကြိုတင်စုဆောင်းထားရန်၊

(၆) တိရစ္ဆာန်များတွင် ကူးစက်ရောဂါဖြစ်ပွားကျရောက်စေခြင်းမရှိစေရန်အတွက် ကာကွယ်ဆေးများ ပုံမှန်ထိုးနှံထားရန်၊

(၇) တိရစ္ဆာန်မွေးမြူထားရှိသောခြံနှင့် အစာသိုလှောင်ထားသောနေရာများတွင် မီးဘေးအန္တရာယ် ကာကွယ်ရေးအတွက် မီးချိတ်၊ မီးကပ်၊ သဲနှင့် ရေပုံးများထားရှိရန်၊

(၈) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

## ၂၅ - ၄ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၀၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန် |
| **စာတည်းမှူး** | - အေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ |
| **စာတည်းများ** | - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည် | **သုတေသန** | - ဇင်မာဝင့် |
| | | **စာပြင်** | - ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန်** | - အောင်ကျော်ကျော်၊ စိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - နီလာစိုးနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - စိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးက ပြန်လည် ပြောကြားရာတွင် အဆွေတော်အနေဖြင့် မြန်မာနိုင်ငံ၏ သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခြင်း ခံရမှုအပေါ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရှီကျင့်ဖျင်မှလည်း ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် ဆုမွန်ကောင်းများ တောင်းပေးလိုက်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် အဆွေတော်ကို သမ္မတကြီးအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး နာရီပိုင်းအတွင်း ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့ခဲ့ခြင်းနှင့် ကျမ်းသစ္စာကျိန်ဆိုပွဲသို့ ကိုယ်စားလှယ်အဖွဲ့ စေလွှတ်တက်ရောက်စေခဲ့ခြင်းမှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူလူထုတို့အပေါ်၌ မိမိတို့နိုင်ငံအနေဖြင့် အလေးအနက်ထားမှုကို ပြသခြင်းပင်ဖြစ်ပါကြောင်း၊ အဆွေတော်၏ ဦးဆောင်မှုအောက်တွင် မြန်မာနိုင်ငံအနေဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးဖြစ်လာမည်ဟုလည်း ယုံကြည်ပါကြောင်း၊ နှစ်နိုင်ငံအကြား နိုင်ငံတော်နှင့် ပြည်သူလူထုတို့၏ လူမှုစီးပွားဘဝ အကျိုးဖြစ်ထွန်းစေမည့် ကိစ္စရပ်များကို အရှိန်အဟုန်မြှင့်တင်၍ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ မျက်နှာစာတွင် မြန်မာနိုင်ငံအပေါ် ဆက်လက်ရပ်တည်ထောက်ခံ ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

ထို့နောက် နှစ်နိုင်ငံအကြား သံတမန်ဆက်ဆံမှုနှင့် ချစ်ကြည်ရင်းနှီးမှုများ တိုးတက်ကောင်းမွန်လျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံအကြား အေးအတူပူအမျှ အသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိမှု အခြေအနေများ၊ တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီသော ပြည်သူများ၏ ထောက်ခံမှုကိုလည်းရရှိနိုင်သည့် အောင်မြင်မှုလမ်းကြောင်းကို ချီတက်ရန် စွဲစွဲမြဲမြဲ ထောက်ခံအားပေးလျက်ရှိမှု၊ မြန်မာနိုင်ငံ၏ နိုင်ငံတော် အချုပ်အခြာအာဏာနှင့် နယ်မြေလုံခြုံရေး၊ တည်တံ့ခိုင်မြဲရေးကိုလည်း စွဲစွဲမြဲမြဲ ထောက်ခံအားပေးလျက်ရှိမှု၊ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားရင်ကြားစေ့ရေးနှင့် လူ့ဘောင်အဖွဲ့အစည်း သဟဇာတဖြစ်မှုကိုလည်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရန် စွဲစွဲမြဲမြဲ ထောက်ခံအားပေးလျက်ရှိမှု အခြေအနေများ၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး၊ ကုန်စည်ကူးသန်းရောင်းဝယ်မှုများ လွယ်ကူလျင်မြန်ချောမွေ့စေရေး၊ ပြည်တွင်းငြိမ်းချမ်းရေးရရှိရေး စသည့်ကိစ္စရပ်များတွင် နှစ်ဦးနှစ်ဖက် ညှိနှိုင်းပူးပေါင်း ဆောင်ရွက်မှုများကို ဆက်လက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မန္တလေးလျှင်ကြီးကြောင့် ဖြစ်ပေါ်ခဲ့သည့် ထိခိုက်ပျက်စီးခဲ့ရမှုများအား ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တရုတ်နိုင်ငံအနေဖြင့် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေးနယ်ပယ်နှင့် အာဆီယံအသိုက်အဝန်းတို့အတွင်း ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီး တရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများကရွေးချယ်သည့် အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်အား ဒီမိုကရေစီ လမ်းကြောင်းပေါ်၌ ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်း လျက်ရှိသည့်အတွက် အာဆီယံအဖွဲ့အတွင်း ပါဝင်ဆောင်ရွက်မှုများကို ပိုမိုမြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံသမ္မတ မစ္စတာ ရှီကျင့်ဖျင်၏ အရှေ့အလယ်ပိုင်းဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ပြောကြားထားသည့် အကြံပြုချက်(၄)ချက်အပေါ်တွင်လည်း ထောက်ခံလျက်ရှိမှု အခြေအနေများ၊ နှစ်နိုင်ငံ နယ်စပ်ဒေသကုန်သွယ်မှု၊ စွမ်းအင်နှင့် သတ္တုကဏ္ဍ၊ စိုက်ပျိုးရေးနှင့် နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု တိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းတိုက်ဖျက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံတော်သမ္မတရုံး ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ညွန့်ဝင်းဆွေ၊ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်တို့ တက်ရောက်ကြပြီး တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Ms. Ma Jia၊ တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ကိုယ်စားလှယ် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi တို့ အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် ပေးအပ်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့်အဖွဲ့ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H.E. Mr. Wang Yi ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

# မြန်မာ-တရုတ် နိုင်ငံခြားရေးဝန်ကြီးများ နှစ်နိုင်ငံဆွေးနွေးပွဲကျင်းပ

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် နေပြည်တော်သို့ တရားဝင်ခရီးစဉ် ရောက်ရှိနေသည့် တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ ညနေပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံဆွေးနွေးသည်။




**အမြင်ချင်းဖလှယ်**

ဆွေးနွေးပွဲတွင် မြန်မာနိုင်ငံနှင့်တရုတ်နိုင်ငံအကြား ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး ပိုမိုခိုင်မာစေရေး၊ အေးအတူပူအမျှအသိုက်အဝန်း ထူထောင်ထားရှိမှု၊ ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် လက်တွေ့ကျသည့် ပူးပေါင်းဆောင်ရွက်မှုတို့ကို အရှိန်အဟုန်မြှင့်တင်နိုင်ရန် ကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။ နှစ်နိုင်ငံ နယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းမှုကို ထိန်းသိမ်းရန် ဆက်လက်ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာအစိုးရ၏ ငြိမ်းချမ်းရေးကြိုးပမ်းမှုများကို တရုတ်နိုင်ငံက ပံ့ပိုးကူညီရေး၊ မြန်မာနိုင်ငံ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ ပံ့ပိုးကူညီသွားရေး၊ နယ်စပ်ဒေသများတွင် အွန်လိုင်းလိမ်လည်မှုများနှင့် တရားမဝင်လုပ်ငန်းများ ဆောင်ရွက်နေခြင်းကို တိုက်ဖျက်ရာ၌ နှစ်နိုင်ငံအိမ်နီးချင်းကောင်းပီသစွာဖြင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာများတွင် အပြန်အလှန် ထောက်ခံရပ်တည်သွားရေးနှင့် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး အပေါ် ဆွေးနွေးအမြင်ချင်းဖလှယ်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်နိုင်ငံအနေဖြင့် မြန်မာနိုင်ငံအား အစဉ်တစိုက် ထောက်ခံပေးခြင်းနှင့် ကူညီပံ့ပိုးမှုများအပေါ် ကျေးဇူးတင်ရှိပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ထောက်ခံရပ်တည်ပါကြောင်း၊ တရုတ်သမ္မတ မစ္စတာရှီကျင့်ဖျင် အဆိုပြုထားသော ကမ္ဘာလုံးဆိုင်ရာ အစီအမံလေးခုကိုလည်း ထောက်ခံပါကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာ အဆိုပြုချက်လေးချက်ကို ထောက်ခံပါကြောင်း၊ နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးအရေးကြီးပါကြောင်း၊ တရုတ်နိုင်ငံမှ ပေးအပ်ခဲ့သော ငလျင်ဒဏ် ပြန်လည်ထူထောင်ရေးဆိုင်ရာ အကူအညီများအတွက် ကျေးဇူး တင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် နှစ်နိုင်ငံနယ်စပ်တွင် တည်ငြိမ်အေးချမ်းရေးနှင့် နယ်စပ်နေပြည်သူများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆက်လက်ပံ့ပိုးကူညီပေးရန် မေတ္တာရပ်ခံလိုပါကြောင်း၊ ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

တရုတ်နိုင်ငံခြားရေး ဝန်ကြီး H. E. Mr. Wang Yi က မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဦးဆောင်သည့် အစိုးရသစ်တစ်ရပ်ဖွဲ့စည်းပြီးနောက် ယခုလို လည်ပတ်ခွင့် ရရှိသည့်အတွက် ကျေးဇူးတင် ဝမ်းမြောက်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ဆက်လက်ပံ့ပိုးမည်ဖြစ်ပါကြောင်း၊ ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးကို အခြေခံသည့် မြန်မာနိုင်ငံက ယုံကြည်အားကိုး နိုင်လောက်သော အိမ်နီးချင်းနိုင်ငံအဖြစ် ရပ်တည်မည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား ပိုမိုနီးကပ်သည့် ပူးပေါင်းမှု မြှင့်တင်သွားမည် ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအကြား အပြန်အလှန် နားလည်မှုနှင့် ယုံကြည်မှု ပိုမိုခိုင်မာစေရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံ အကြီးအကဲများအကြား သဘောတူညီချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ရေး ကြိုးပမ်းသွားမည်ဖြစ်ပါကြောင်း၊ ကဏ္ဍစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်သွားမည်ဖြစ်ပါကြောင်းနှင့် နှစ်နိုင်ငံအကြားရှိ စီမံကိန်းများကို အရှိန်အဟုန်မြှင့်၍ တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံ ဆွေးနွေးပွဲအပြီးတွင် မန္တလေး ငလျင်ဒဏ်သင့် ဘုန်းတော်ကြီးများနှင့် သီလရှင်ကျောင်းများအတွက် တရုတ်နိုင်ငံအစိုးရကလှူဒါန်းသည့် အသင့်နေအိမ်များ လွှဲပြောင်းလက်ခံခြင်းဆိုင်ရာ စာလွှာလဲလှယ်ခြင်းနှင့် မြန်မာအာကာသ အေဂျင်စီနှင့် တရုတ်အမျိုးသားအာကာသ စီမံခန့်ခွဲမှုဌာနတို့အကြား အာကာသ ပူးပေါင်းဆောင်ရွက်မှုနှင့်အာကာသ ဟင်းလင်းပြင် ငြိမ်းချမ်းစွာ အသုံးပြုမှုဆိုင်ရာ နားလည်မှု စာချွန်လွှာ လဲလှယ်ခြင်းတို့ကို နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများ ရှေ့မှောက်တွင် ပြုလုပ်ခဲ့သည်။

ဆက်လက်၍ နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေက တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ၊ နိုင်ငံရေးရာဗျူရို အဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နေပြည်တော်ရှိ Jasmine Hotel ၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။ အဆိုပါ ညစာစားပွဲသို့ မြန်မာအာကာသ အေဂျင်စီမှ အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် သာသနာရေးရာဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

## ညောင်ဦးမြို့နယ်၌ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**ညောင်ဦး ဧပြီ ၂၅**

မန္တလေးတိုင်း ဒေသကြီး ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ်တွင် မြင်းကပါကျေးရွာ၌ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀)စီမံချက်ဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ဧပြီ ၂၄ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးနှင့် အင်ဂျင်နီယာ ဝန်ထမ်းများက မြင်းကပါကျေးရွာ၌ ကျေးလက်နေပြည်သူများ သောက်သုံးရေ ဖူလုံစေရန်အတွက် ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုရန်ပုံငွေ အသုံးပြု၍ ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန် တည်ဆောက်ခြင်း၊ 2 KW ဆိုလာ တပ်ဆင်ခြင်းနှင့် အကျယ်အဝန်း (၅၆ ပေ x ၆ ပေ) ခြံစည်းရိုးကာရံခြင်း စသည့် ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက တာဝန်ရှိသူများအား တွေ့ဆုံ၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ လုပ်ငန်းများဆောင်ရွက်ခြင်းကို ၂၀၂၆ - ၂၀၂၇ ဘဏ္ဍာနှစ် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၃ သန်းဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

**နေရောင်အောက်က သက်ရှိတွေကို**
**စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**



## တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ တရားဝင်ခရီးစဉ် ရောက်ရှိ

**နေပြည်တော် ဧပြီ ၂၅**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဧပြီ ၂၅ ရက်မှ ၂၆ ရက်အထိ တရားဝင်ခရီးစဉ် လာရောက်သည့် တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံရေးရာဗျူရိုအဖွဲ့ဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး H. E. Mr. Wang Yi ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်သို့ အထူးလေယာဉ်ဖြင့်ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြသည်။

**သတင်းစဉ်**

❖ ❖ ❖

# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ကျင်းပသည့် နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ်စကားဝိုင်းဆွေးနွေးပွဲ တက်ရောက်

နေပြည်တော် ဧပြီ ၂၅

အာဆီယံအလှည့်ကျ ဥက္ကဋ္ဌအဖြစ် ဖိလစ်ပိုင်နိုင်ငံက ဦးဆောင်၍ "နယ်စပ်ဖြတ်ကျော် အလုပ်သမားရေးရာနှင့်စပ်လျဉ်း၍ အဆင့်မြင့်ကိုယ်စားလှယ်စကားဝိုင်းဆွေးနွေးပွဲ"ကို ယမန်နေ့က ဖိလစ်ပိုင်နိုင်ငံ မက်ထရိုမနီလာမြို့၌ ကျင်းပရာ အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တက်ရောက်သည်။




**တက်ရောက်**

အဆိုပါ စကားဝိုင်းဆွေးနွေးပွဲကို ဘေးကင်းလုံခြုံပြီး တရားဝင်သောလုပ်သားများ ရွှေ့ပြောင်းသွားလာမှုကို တိုးချဲ့ရန်၊ ရွှေ့ပြောင်းသွားလာမှုလမ်းကြောင်းတစ်လျှောက် အန္တရာယ်များကိုလျှော့ချရန်နှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အကျိုးအမြတ်များကို ဖော်ဆောင်နိုင်ရန် ရည်ရွယ်ကျင်းပခဲ့ခြင်းဖြစ်ပြီး ဆွေးနွေးပွဲသို့ အာဆီယံအလုပ်သမားဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိကြီးများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်း (IOM)မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဆွေးနွေးပွဲသို့တက်ရောက်ခဲ့သည့် ကိုယ်စားလှယ်များက လုပ်သားများ ရွှေ့ပြောင်းသွားလာခြင်းနှင့်ပတ်သက်၍ နှစ်နိုင်ငံ၊ ဒေသတွင်းပူးပေါင်းဆောင်ရွက်မှု ယန္တရားများနှင့် မိတ်ဖက်ဆောင်ရွက်မှုများ၊ ရွှေ့ပြောင်းသွားလာခြင်းဆိုင်ရာ စီမံခန့်ခွဲမှုနှင့် ရွှေ့ပြောင်းအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးနေမှုများ၊ လုပ်သားများ ပြန်လည်ရောက်ရှိခြင်း၊ ပြန်လည်ပေါင်းစည်းခြင်းနှင့် ဖွံ့ဖြိုးတိုးတက်မှုအတွက် အထောက်အကူပြုမှုများ၊ လူမှုဖူလုံရေး ကာကွယ်စောင့်ရှောက်မှုများ၊ ရာသီဥတုပြောင်းလဲမှုဆိုင်ရာရွှေ့ပြောင်းသွားလာမှု၊ အကျပ်အတည်းအတွက် အသင့်ပြင်ထားမှုနှင့် ဘေးအန္တရာယ်ဆိုင်ရာ နေရပ်စွန့်ခွာမှုနှင့် ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှု စသည်တို့အပေါ် ယင်းတို့၏အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့်စပ်လျဉ်းသော နမူနာများနှင့် သင်ခန်းစာများကို ဆွေးနွေးဖလှယ်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ပို့ကုန် နှစ်ဆတိုးမြှင့်ရန် လိုအပ်

နေပြည်တော် ဧပြီ ၂၅

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေးနှင့် သွင်းကုန်တင်သွင်းနိုင်ရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး တည်ဆောက်ရာတွင် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုသည် အခြေခံကျသည့်အုတ်မြစ်တစ်ခု ဖြစ်ပါကြောင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုသည့် ကုန်သွယ်မှုကို ဆောင်ရွက်ရာတွင် ပို့ကုန်နှစ်ဆတိုးမြှင့်ရန် လိုအပ်ပါကြောင်း၊ နိုင်ငံ၏ အဓိကပို့ကုန်များဖြစ်သော ဆန်၊ ပဲမျိုးစုံ၊ ပြောင်း၊ နှမ်း၊ ရော်ဘာ၊ ရေထွက်၊ အထည်ချုပ်၊ စက်မှုကုန်ချော အစရှိသည့် ပို့ကုန်များကို တိုးမြှင့်တင်ပို့ပေးရန်ဖြစ်ပါကြောင်း၊ နိုင်ငံတကာဈေးကွက်ချဲ့ထွင်နိုင်ရေးအတွက် စီးပွားရေးသံမှူးများက ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ လုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးကို ရှေးရှုပြီး အင်တိုက်အားတိုက် ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ထုတ်ကုန်တိုးမြှင့် ထုတ်လုပ်နိုင်ရေးအတွက် ပြည်ပမှ မဖြစ်မနေလိုအပ်သော ကုန်ကြမ်းများ၊ ဈေးကွက်အတွင်း မရှိမဖြစ်လိုအပ်သော ပစ္စည်းများကို စနစ်တကျ စိစစ်တင်သွင်းနိုင်ရေး ပူးပေါင်းဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် လိုအပ်သည်များကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ရွှေလင်ဗန်းစက်မှုဇုန်ရှိ ရွှေဝါရောင်ဆန်စက်နှင့် ဆန်သိုလှောင်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူတစ်ဦးက ပြည်တွင်းဖြန့်ဖြူးရန်နှင့် ပြည်ပသို့တင်ပို့ရန်အတွက် ဆန်များကြိတ်ခွဲနေမှုကို ရှင်းလင်းတင်ပြသည်။



ယင်းနောက် စက်ရုံတွင် ဆန်အားသန့်စင်ခြင်း၊ အခြောက်အရောင်တင်ခြင်း၊ ဆန်ကွဲ ခွဲထုတ်ခြင်း၊ ရေနှင့်ထပ်မံအရောင်တင်ခြင်း၊ ဆန်အဆင့်အတန်းခွဲခြားခြင်း၊ အရောင်ခွဲခြားခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များနှင့် ပြည်ပသို့တင်ပို့ရန် သိုလှောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ရွှေပြည်သာမြို့ သာဓုကန်စက်မှုဇုန်ရှိ Diamond Arrow General Trading Co., Ltd. ၏ နှမ်းသန့်စင်စက်ရုံနှင့် Bright Light Group Co., Ltd. ၏ ပဲမျိုးစုံသိုလှောင်ရုံနှင့် ပဲသန့်စင်စက်တို့တွင် ပဲမျိုးစုံနှင့် နှမ်းသန့်စင်ခြင်း၊ အရွယ်အစားခွဲခြားခြင်း၊ အလေးချိန်ရွေးချယ်ခြင်း၊ ခဲရွေးခြင်း၊ အရောင်ခွဲခြင်း၊ အရွယ်အစားရွေးခြင်းနှင့် ထုပ်ပိုးခြင်းလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ပြည်တွင်းစားသုံးမှု ဖူလုံမှုရှိရေးကို ဦးစားပေးဆောင်ရွက်ရန်နှင့် ပိုလျှံသည်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်ရန်၊ အဆင့်မီပို့ကုန်များရရှိရေးအတွက် စက်ပစ္စည်းများအရည်အသွေး မြှင့်တင်သွားရန် မှာကြားသည်။

ထို့နောက် သာဓုကန်စက်မှုဇုန်ရှိ Shwe Me Group of Companies ၏ ပြောင်းသိုလှောင်ရုံ၌ ပြောင်းများသိုလှောင်ထားရှိမှုနှင့် ပြည်ပသို့တင်ပို့ရန် ပြင်ဆင်ထားရှိမှုကို လည်းကောင်း၊ ရွှေပြည်သာမြို့နယ် ဝါးတစ်ရာစက်မှုဇုန်ရှိ Light House Enterprise Co., Ltd. ၏ Myanmar Standard Rubber – MSR–20 (Technically Specified Rubber – TSR–20) ထုတ်လုပ်နေမှုအဆင့်ဆင့်ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မွန်ပြည်နယ်၌ AI နည်းပညာအသုံးပြု၍ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများဆောင်ရွက်နိုင်ရေး သင်တန်းဖွင့်

မော်လမြိုင် ဧပြီ ၂၅

AIနည်းပညာအသုံးပြု၍ ပြည်သူ့စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ယမန်နေ့က မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် Zoom Application ဖြင့် ဖွင့်လှစ်သင်ကြားသည်။



အဆိုပါသင်တန်းကို မွန်ပြည်နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူးက စာကြည့်တိုက်လုပ်ငန်းစီမံခန့်ခွဲရေး လက်စွဲစာစောင်နှင့်အညီ လုပ်ငန်းများဆောင်ရွက်ရေး၊ တိုးတက်လာသော နည်းပညာများနှင့်အညီ ပြည်သူ့စာကြည့်တိုက် Page နှင့် Tik Tok Account များ၊ Cover Photo နှင့် Profile Photo တို့ကို AIဖြင့် ဖန်တီးပြုလုပ်ထားသော ပုံများဖြင့် အသုံးပြုပြင်ဆင်နိုင်ရေး၊ စာအုပ်၊ စာစောင်များ ဖတ်ရှုသုံးသပ်နိုင်မှု စွမ်းရည်တိုးတက်မြင့်မားလာစေရေး၊ Digital Library Management System (DLMS)အသုံးပြု၍ လုပ်ငန်းများ စနစ်တကျဖြစ်စေရေး အလေးထားဆောင်ရွက်ကြရန်လိုကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်နယ်(ပြန်/ဆက်)

# တာမွေမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် ပုသိမ်ညွှန့်ရပ်ကွက်ရှိ သာသနာ့ဝေယျာဝစ္စမဏ္ဍာရုံ၌ ယနေ့နံနက်ပိုင်းက မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ချမ်းငြိမ်းနှင့် ဝန်ထမ်းများက ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID အချက်အလက် ကောက်ယူခြင်းများကို ရက်(၁၀၀) စီမံချက်ဖြင့် မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

**ကြည့်ရှုအားပေး**



ရက်(၁၀၀) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးနေမှု အခြေအနေများကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ် (FPTP) ဦးတင့်ဇော်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်(PR) ဦးဝင်းလှိုင်၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညာဏ်ထက်ခိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

နိုင်လင်းအောင်(ပြန်/ဆက်)

# သင်္ဂါယနာသမိုင်း

မောင်ပုည

### ပထမသင်္ဂါယနာသမိုင်း
### ပရိနိဗ္ဗာန်စံတော်မူမည့်အကြောင်း မိန့်ကြားတော်မူခြင်း

မြတ်စွာဘုရားရှင်သည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ကဆုန်လပြည့်နေ့တွင် သဗ္ဗညုဘုရား ဖြစ်တော်မူပြီးနောက် ၄၅ ဝါကာလပတ်လုံး ကျွတ်ထိုက်သော လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါ ဝေနေယျတို့အား သစ္စာလေးပါးတရားကိုလှည့်လည်ဟောကြားတော်မူခဲ့ကာ မဟာသက္ကရာဇ် ၁၄၈ ခုနှစ် ကဆုန်လပြည့်(အင်္ဂါနေ့)တွင် မလ္လတိုင်း ကုသိနာရုံမြို့အနီး အင်ကြင်းဥယျာဉ်တော်တွင် ပရိနိဗ္ဗာန်ဝင်စံတော်မူလေသည်။

**ဘုရားရှင်နောက်ဆုံးဩဝါဒ မိန့်ကြားတော်မူခြင်း**

မြတ်စွာဘုရားရှင်သည် ပရိနိဗ္ဗာန်ဝင်စံတော်မမူမီရဟန်းသံဃာတို့အားနောက်ဆုံးဩဝါဒ မိန်ကြားတော်မူလေသည်။ အရှင်အာနန္ဒာ မထေရ်အား "ချစ်သား အာနန္ဒာ…သင်ချစ်သားတို့၏ စိတ်သန္တာန်မှာ 'တရားစကားတော်သည် ဟောကြားသော ဆရာဘုရားမှ ကင်းကွာခဲ့လေပြီ၊ ငါတို့၏ ဆရာဘုရားသည် မရှိတော့ပြီ'ဟု ဤသို့သော ထင်မှတ်မှု၊ အားငယ်မှုဖြစ်သော်မူ ဖြစ်လေရာ၏။ ချစ်သား အာနန္ဒာ… ဤအရာကို ဤသို့မထင်မှတ်ထိုက်ပေ၊ ချစ်သား အာနန္ဒာ… ၄၅ ဝါကာလကြာအောင် ငါဘုရားဟောကြားအပ်သော တရားတော်တို့သည် ငါဘုရားကွယ်လွန်သောအခါ၌ သင်ချစ်သားတို့၏ ဆရာဘုရားပင် ဖြစ်ပေ၏"ဟု မိန့်ကြားတော်မူ၍ **"ဟန္ဒ ဒါနိ ဘိက္ခဝေ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"** ပြုပြင်ပေးရသမျှ သင်္ခါရတရားတို့သည် ပျက်စီးခြင်းသဘောရှိကြကုန်၏၊ မမေ့သော သတိတရားဖြင့် သင်ချစ်သားတို့သည် အားထုတ်ကြကုန်လော့" ဟု နောက်ဆုံးဩဝါဒကို ပေးတော်မူပြီး ပရိနိဗ္ဗာန်ဝင်စံတော် မူခဲ့လေသည်။

### သာသနာ ဖျက်မည့်သူ

အရှင်မဟာကဿပသည် ပါဝါပြည်မှ ကုသိနာရုံပြည်သို့ ရဟန်းငါးရာ ခြံရံ၍ ကြွလာတော်မူရာ လမ်းခရီး၌ မန္ဒာရဝနတ်ပန်းကြီးကို ထီးကဲ့သို့ ဆောင်းမိုး၍ ပါဝါပြည်သို့ လာနေသော တက္ကတွန်း တစ်ယောက်ကိုမြင်သဖြင့်ဘုရားပရိနိဗ္ဗာန်စံလွန်တော်မူကြောင်း သိတော်မူသည်။ ထိုထဲတွင် အာတုမပြည်မှလိုက်လာသော (တောထွက်) ရဟန်းကြီးသုဘဒ္ဒလည်းပါလာသည်။ သုဘဒ္ဒသည် ငိုနေသော ရဟန်းတော်တို့အား "ငါ့ရှင်တို့… ငိုကြွေးဖို့မသင့်၊ တန်ကြလော့၊ မစိုးရိမ်မငိုကြွေးကြကုန်လင့်၊ ငါတို့သည် ရဟန်းဂေါတမလက်မှ ကောင်းစွာလွတ်မြောက်ခဲ့ကြလေပြီ၊ ရဟန်းဂေါတမသည် သင်တို့အား ဤအရာသည် အပ်၏၊ ဤအရာသည် မအပ်ဟု ချုပ်ချယ်ခဲ့၏။ ယခုအခါ ငါတို့အလိုရှိရာ လုပ်ခွင့်ရပေပြီ"ဟု ပြောဆိုလေသည်။ ဘုရားပရိနိဗ္ဗာန်စံ၍ ခုနစ်ရက်မျှသာရှိသေးသော အချိန်တွင် မြတ်စွာဘုရားရှင်၏အဆုံးအမတရားတော်များကိုမျက်ကွယ်ပြု၍ သာသနာဖျက်မည့်သူ ပေါ်လာလေပြီ။

### အရှင်မဟာကဿပ၏ စိတ်အကြံ

ဤသို့ တောထွက်ရဟန်းကြီးသုဘဒ္ဒ၏ စကားကို ကြားရသောအခါ အရှင်မဟာကဿပသည် "ယုတ်မာသောရဟန်းတို့သည် ဘုရားမရှိတော့ပြီ၊ ဘုရားလွန်ခဲ့လေပြီဟု မှတ်ထင်ကာ အသင်းအပင်းကိုရခဲ့လျှင် မကြာမြင့်မီ သူတော်ကောင်းတရားကွယ်ပျောက်ကုန်ရာ၏။ အကြင်မျှလောက်သော ကာလပတ်လုံး သုတ်, အဘိဓမ္မာ, ဝိနည်းသည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားစကားတော်သည် မလွန်သေးပေ။ မြတ်စွာဘုရားကိုယ်တော်တိုင် **"ယော ဝေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော၊ သော ဝေါ မမစ္စယေန သတ္ထာ"** "အာနန္ဒာ… ငါဘုရားသည် အကြင်သုတ်၊ အဘိဓမ္မာ၊ ဝိနည်းတော်တို့ကို ဟောလည်းဟောတော်မူအပ်ပြီ၊ ပညတ်လည်း ပညတ်တော်မူအပ်ပြီ၊ ထိုဓမ္မဝိနယသည် ငါဘုရား ပရိနိဗ္ဗာန်စံသောအခါ သင်တို့၏ ဆရာဖြစ်လိမ့်မည်"ဟု မိန့်တော်မူခဲ့သည်။ သို့ဖြစ်၍ "ငါတို့သည် ဓမ္မ၊ ဝိနယကို သင်္ဂါယနာတင်ရမူ ဤသာသနာတော်သည် အရှည်ခန့်၍ တည်တံ့ရာ၏"ဟု စိတ်အကြံဖြစ်တော်မူသည်။

### အရှင်မဟာကဿပ မိန့်ခွန်း

ဘုရားရှင် ပရိနိဗ္ဗာန်စံလွန်တော်မူသဖြင့် ကုသိနာရုံမြို့တွင် အရှင်မဟာကဿပသည် သံဃာတော်ခုနစ်သိန်းတို့ကို စည်းဝေးစေလျက် အောက်ပါမိန့်ခွန်းစကားတော်ကို မြွက်ကြားတော်မူသည်။ အကြင်မျှလောက် ကာလပတ်လုံး မြတ်စွာဘုရား ဟောကြားတော်မူအပ်သော ဓမ္မဝိနယ တည်ရှိ၏။ ထိုမျှလောက်သော ကာလပတ်လုံး ဘုရားစကားတော်လွန်ပြီဟု မဆိုနိုင်ပါ။ ဘုရားရှင်ကိုယ်တော်တိုင်က "ငါ့ရှင်တို့… မသူတော်တို့တရား မပြန့်ပွား မထွန်းကားမီ၊ သူတော်ကောင်းတို့တရားတားမြစ်ပိတ်ပင်ခံရခြင်း မဖြစ်မီ၊ ဝိနည်းမဟုတ်သော အဝိနယဓမ္မ မပြန့်ပွားမီ၊ ဝိနည်းတရား တားမြစ်ခြင်းမခံရမီ၊ အဓမ္မဝါဒီတို့ အားမကြီးမီ၊ ဓမ္မဝါဒီလဇ္ဇီသူတော်ကောင်းတို့ အားမနည်းမီ၊ အဝိနယဝါဒီတို့ အားမကြီးမီ၊ ဝိနယဝါဒီတို့ အားမနည်းမီ သုတ်၊ ဝိနည်း၊ အဘိဓမ္မာတို့ကို သင်္ဂါယနာ တင်ကြပါကုန်အံ့"ဟု မိန့်တော်မူသည်။

### ရာဇဂြိုဟ်ပြည်မှာ စုံညီစွာ

ထို့နောက် အရှင်မဟာကဿပသည် ပိဋကတ်သုံးပုံကို ဆောင်စွမ်းနိုင်သော ပဋိသမ္ဘိဒါပတ္တဖြစ်၍ တေဒဂ်ဘွဲ့ထူးရ ရဟန္တာအရှင်မြတ် ၅၀၀တို့ကို ရွေးကောက်တော်မူသည်။ ရာဇဂြိုဟ်ပြည်သည် ကျယ်ဝန်းသော ဆွမ်းခံရာအရပ်ရှိပြီး နေထိုင်ရန် ကျောင်းများလည်းများသည်။ ဤအချက်များနှင့် ပြည့်စုံ၍ ရာဇဂြိုဟ်ပြည်ကို သင်္ဂါယနာတင်ရန် ရွေးချယ်တော်မူကြသည်။ မထေရ်မြတ်တို့သည် ပထမလပတ်လုံး ပျက်စီးနေသော ကျောင်းများကို ပြုပြင်ကြမည်။ ဒုတိယလပတ်လုံး သင်္ဂါယနာတင်ကြမည်ဟု တိုင်ပင်ဆုံးဖြတ်တော်မူကြသည်။

မထေရ်မြတ်တို့က သင်္ဂါယနာတင်ရန် မိန့်ကြားသောအခါအဇာတသတ်မင်းက "အရှင်ဘုရားတို့…ကောင်းပါပြီ၊ သင်္ဂါယနာတင်တော်မူကြပါ၊ ဒကာတော်၏ အာဏာစက်သည် ဖြစ်ပါစေ၊ အရှင်ဘုရားတို့၏ ဓမ္မစက်သည်ဖြစ်ပါစေ အရှင်မြတ်တို့ဘုရား…စေခိုင်းတော်မူကြပါ" ဟု လျှောက်ထားလေသည်။ သာသနာပြုရာ၌ အာဏာစက်၊ ဓမ္မစက် စုံမှသာ သန့်ရှင်းသော သာသနာဖြစ်နိုင်သည်ကို သတိပြုသင့်သည်။

### ပထမသင်္ဂါယနာတင် ဓမ္မသဘင်

မဟာသက္ကရာဇ် ၁၄၈ ခု ဝါခေါင်လပြည့်ကျော် ၅ ရက်နေ့တွင် သင်္ဂါယနာတင်မည့် မထေရ်မြတ်များ ဓမ္မာရုံ၌ စုံညီစွာကြွရောက်တော်မူကြသည်။ အရှင်မဟာကဿပသည် ဓမ္မာရုံအလယ်၌ရှိသော ဓမ္မာသနပလ္လင်သို့ တက်ရောက်တော်မူပြီး ဆင်စွယ်ယပ်ကို ကိုင်တော်မူ၍ သီတင်းသုံးတော်မူပြီး ရဟန်းတော်တို့ကို "ငါ့ရှင်တို့…အဘယ်ကို ရှေးဦးစွာ သင်္ဂါယနာတင်ကြမည်နည်း၊ ဓမ္မကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော၊ ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်မည်လော"ဟု မေးတော်မူသည်။ သံဃာတော်များက "အရှင်ဘုရား မဟာကဿပ…ဝိနည်းသည် ဗုဒ္ဓသာသနာတော်၏ အသက်ဖြစ်ပါသည်။ ဝိနည်းတည်လျှင် သာသနာတည်ပါသည်။ ထို့ကြောင့် ဝိနည်းကို ရှေးဦးစွာ သင်္ဂါယနာတင်ကြပါကုန်စို့"ဟု လျှောက်ထားကြလေသည်။ ဤသို့လျှင် ဝိနည်းတရားတော်မှစ၍ သင်္ဂါယနာတင်တော်မူကြရာ ဝါခေါင်လမှသည် တပို့တွဲလအထိ **ခုနစ်လ**ကြာမှ ပြီးဆုံးလေတော့သည်။ သင်္ဂါယနာတင်ပြီးသော ပါဠိတော်များကို သက်ဆိုင်ရာ အရှင်မြတ်များက တာဝန်အသီးသီး ခွဲဝေကာ အာဂုံဆောင်ကြရသည်။

ထို့ပြင် **(၁) မြတ်ဗုဒ္ဓ ပညတ်တော်မမူခဲ့သည်တို့ကို ထပ်မံပညတ်ခြင်း မပြုရန်၊ (၂) ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို ပယ်နုတ်ခြင်း မပြုရန်၊ (၃)ပညတ်တော်မူခဲ့သည့်အတိုင်း ကျင့်သုံးနေထိုင်ရန်**ဟူသော မူဝါဒသုံးရပ်ချမှတ်ကာ မူရင်းအတိုင်း သံဃာတော်များမှ ထိန်းသိမ်းစောင့်ရှောက်ကြပါစို့ဟု သဘောတူညီမှု ယူခဲ့ကြသည်။

**ပိဋကသုံးပုံနှင့် သာသနာတော်နှစ်သတ်မှတ်ခြင်း**

ဘုရားရှင်ဟောကြားတော်မူခဲ့သော ဓမ္မသည် လွန်စွာများပြားလှသဖြင့် တရားအစုအဖွဲ့အသေးများ စုဖွဲ့ခြင်း (ဓမ္မက္ခန္ဓာဖွဲ့ခြင်း)ဖြင့် ဓမ္မက္ခန္ဓာပေါင်း ၈၄၀၀၀ ရရှိခဲ့သည်။ ၎င်းတို့ကို ထပ်မံပြီး သဘောတရားတူရာအလိုက် အုပ်စုဖွဲ့လိုက်ရာ အုပ်စု သုံးစု ရရှိပြီး ပိဋကသုံးပုံဟု ခေါ်တွင်သည်။ ၎င်းပိဋကသုံးပုံ အနက် ဝိနယပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ သုတ္တန္တပိဋကတွင် ဓမ္မက္ခန္ဓာ ၂၁၀၀၀၊ အဘိဓမ္မ ပိဋကတွင် ဓမ္မက္ခန္ဓာ ၄၂၀၀၀ ဟု သဘောတူခဲ့ကြပြီး ပိဋကသုံးပုံ စတင်သတ်မှတ် စီစဉ်တော်မူခဲ့ကြသည်။

မဟာသက္ကရာဇ် ၁၄၈ ခုနှစ်တွင် မြတ်စွာဘုရား ပရိနိဗ္ဗာန်စံသောအခါ အဇာတသတ်မင်း နန်းစံနှစ် ရှစ်နှစ်ရှိလေပြီ။ အဇာတသတ်မင်းသည် ဘုရား ပရိနိဗ္ဗာန်စံတော်မူသော မဟာသက္ကရာဇ် ၁၄၈ ကိုချေပြီးလျှင် မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူသော ကဆုန်လပြည့်နေ့ကို အစထား၍ သာသနာတော်နှစ် တစ်နှစ်ဟု သတ်မှတ်ခဲ့လေသည်။



ပထမသင်္ဂါယနာတင် သရုပ်ဖော်ပုံကို တွေ့ရစဉ်။



ဒုတိယသင်္ဂါယနာတင် သရုပ်ဖော်ပုံကို တွေ့ရစဉ်။

### ဒုတိယသင်္ဂါယနာသမိုင်း

လောက၌ အကောင်းဆုံးဟု သတ်မှတ်ထားသော ပစ္စည်း၊ ဝတ္ထုများသည် ရှိရှိသေသေသုံးစွဲ၍ ပြုပြင်ပေးသူရှိမှသာ အကောင်းပကတိ ရပ်တည်နိုင်သည်။ ပြုပြင်သူ၊ စောင့်ရှောက်သူ ကင်းမဲ့လာသောအခါ ပျက်စီးရသည်။ အရှင်မဟာကဿပစသော မထေရ်မြတ်များဦးဆောင်၍ ပထမသင်္ဂါယနာတင်ခဲ့သဖြင့် သာသနာတော်သည် သန့်ရှင်းသော သာသနာတော် ဖြစ်လာသည်။

**ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အယူအဆအသစ်**

မြတ်စွာဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူချိန်မှစ၍ သာသနာတော်နှစ် ၁၀၀ ခန့်ကြာသောအခါ သာသနာတော် ညစ်နွမ်းမှေးမှိန်ရန်အကြောင်း ပေါ်လာပါတော့သည်။ ဝေသာလီပြည်၌ နေကြကုန်သော ဝဇ္ဇီတိုင်းသားရဟန်းများသည် ဝိနည်းဒေသနာတော်နှင့် ဆန့်ကျင်သော ထိုအဓမ္မဝတ္ထု ၁၀ ပါးကို ပြောဟောပြီး ကျင့်သုံးနေကြသည်။ ကာလာသောကမင်းသည် ထိုရဟန်းများ၏ အသင်းအပင်းဘက်တော်သား ဖြစ်သည်။

**အရှင်ယသမထေရ်ဝေသာလီပြည်သို့ ကြွတော်မူခြင်း**

ထိုအခါ၌အရှင်ယသသည်ဝဇ္ဇီတိုင်းသို့ဒေသစာရီလှည့်လည်တော်မူသည်။ ဝေသာလီပြည်၌ ဝဇ္ဇီတိုင်းသားရဟန်းများ (ဒေဝဒတ်၏တပည့်များ)သည် အဓမ္မဝတ္ထု ၁၀ ပါးကို ဟောပြောပြီး ကျင့်သုံးနေထိုင်ကြသည်ဟု သတင်းစကားကို ကြားရသောအခါ အရှင်ယသသည် 'ငါသည် မြတ်စွာဘုရား၏ သာသနာတော် ပျက်စီးခြင်းကို ကြားရပါလျက် ကြောင့်ကြမဲ့နေခြင်းငှာ မသင့်ပေ။ ငါသည် ယခုပင်သွား၍ အဓမ္မဝါဒီ အလဇ္ဇီတို့ကို နှိမ်နင်းပြီး ဝိနယဓမ္မကို ပြပေအံ့'ဟု ကြံလျက် ဝေသာလီပြည်သို့ ကြွလေသည်။ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဥပုသ်နေ့၌ ကြေးဖလားကို ရေအပြည့်ထည့်၍ရဟန်းတို့အလယ်၌ ထားပြီးလျှင် "ဒါယကာတို့၊ သံဃာတော်အား သင်္ကန်း၊ သပိတ်စသော ပရိက္ခရာ လိုအပ်သောအခါ အသုံးပြုရန် တစ်ကျပ်ဖြစ်စေ၊ ငါးမူးဖြစ်စေ၊ တစ်မတ်ဖြစ်စေ၊ တစ်ပဲဖြစ်စေ ပေးလှူကြပါ"ဟု ပြောဆိုကာ အလှူခံလေသည်။

ထိုသို့ ငွေအလှူခံသည်ကို အရှင်ယသမထေရ် မြင်တော်မူ၍ "ဒါယကာတို့ မပေးလှူကြနှင့် ရွှေငွေသည် ရဟန်းများအား မအပ်၊ ရဟန်းသည် ရွှေငွေကို မသာယာကောင်း၊ **စာမျက်နှာ ၇ သို့** ❖

# ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲဓမ္မသဘင်နှင့် စာတမ်းဖတ်ပွဲများ ကျင်းပမည်

**နေပြည်တော် ဧပြီ ၂၅**

ဆဋ္ဌသင်္ဂါယနာတင်အောင်ပွဲ နှစ်(၇၀)ပြည့် အထိမ်းအမှတ် မဟာမင်္ဂလာအခမ်းအနားကြီးကို ၁၃၈၈ ခုနှစ် ကဆုန်လပြည့်နေ့မှ ကဆုန်လပြည့်ကျော် ၂ ရက်အထိ (ဧပြီ ၃၀ ရက်မှ မေ ၂ ရက်အထိ) ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် သီရိမင်္ဂလာကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်ဂူတော်ကြီး၌ သုံးရက်တိုင်တိုင် ကျင်းပသွားမည်ဖြစ်သည်။

ဧပြီ ၃၀ ရက် ညပိုင်းတွင် သီတဂူဆရာတော်ကြီး၏ အထူးတရားပွဲ ဓမ္မသဘင်ကိုလည်းကောင်း၊ မေ ၁ ရက်နှင့် ၂ ရက်တို့တွင် စာတမ်းဖတ်ပွဲများကိုလည်းကောင်း ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

❖ စာမျက်နှာ ၆ မှ

အလှူမခံကောင်း”ဟု တားမြစ်တော်မူသည်။ အလှူခံရသော အနာမာသဝတ္ထုတို့ကို နောက်တစ်နေ့၌ ရဟန်းများအား ဝေပုံကျ ခွဲဝေ၍ ပေးသည်။ အရှင်ယသအတွက် ဝေပုံကျပေးရာ အရှင်ယသက “ငါ့ရှင်တို့... ငါ့အတွက် ငွေဖြင့် အစုအဖို့ မရှိပါ။ ငါသည် ငွေကို မသာယာပါ”ဟု မိန့်တော်မူပြီး လက်မခံ။

**အရှင်ယသကို ပဋိသာရဏီယကံ၊ ဥက္ခေပနီယကံတို့ပြုကြခြင်း**

ဝေသာလီပြည်သား ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် စည်းဝေးကြပြီးလျှင် “ငါ့ရှင်တို့...အရှင်ယသသည် သဒ္ဓါတရားနှင့် ပြည့်စုံသော ဒါယကာများကို ဆဲရေးရေရွတ်သည်။ မကြည်ညိုအောင် ပြုလုပ်သည်။ ယခု အရှင်ယသကို ပဋိသာရဏီယကံ ပြုကြကုန်အံ့”ဟု ပြောဆိုတိုင်ပင်ပြီး ပဋိသာရဏီယကံ ပြုကြသည်။

အရှင်ယသက ဒါယကာများအား ဓမ္မဝိနယကို ရှင်းလင်းပြောကြားသဖြင့် ဝဇ္ဇီတိုင်းသား ရဟန်းတို့သည် “အရှင်ယသသည် သံဃာက မသမုတ်ဘဲ၊ သံဃာ၏အပြစ်ကို ပြောသည်။ အရှင်ယသကို ဥက္ခေပနီယကံ ပြုကြစို့”ဟု ပြောဆို စီစဉ်နေကြစဉ် အရှင်ယသသည် ကောင်းကင်သို့ ပျံတက်၍ ကောသမ္ဗီပြည်သို့ ကြွတော်မူသည်။

ထို့နောက် အရှင်ယသသည် ပါဝါပြည်နှင့် အဝန္တိဒက္ခိဏာပထတိုင်းတို့၌ သီတင်းသုံးတော်မူကြသော သံဃာများထံ တမန်စေလွှတ်၍ **“အရှင်ဘုရားတို့၊ ကြွလာတော်မူကြပါ၊ အဓိကရုဏ်းကို ငြိမ်းအေးအောင် ဆောင်ရွက်တော်မူကြပါ၊ အရှင်ဘုရားတို့... ယခု တပည့်တော်တို့သည် မသူတော်တရား မထွန်းကားမီ၊ သူတော်ကောင်းတရား မကွယ်ပမီ၊ ဝိနည်းမဟုတ်သောတရား မထွန်းကားမီ၊ ဝိနည်းတရား မကွယ်ပမီ၊ အဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ၊ အဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမရှိကုန်မီ၊ ဝိနယဝါဒီပုဂ္ဂိုလ်တို့ အားမနည်းကုန်မီ ဤအဓိကရုဏ်းကို ဖြေရှင်းကြပါကုန်စို့”**စသည့် တိုက်တွန်းချက်များနှင့်အတူ အဓိကရုဏ်းဖြစ်ပုံအလုံးစုံကို လျှောက်ထားစေသည်။

အဓိကရုဏ်းဖြစ်ပုံသတင်းကို ကြားရသဖြင့် ပါဝေယျကတိုင်းသား ခုတင်ဆောင်ရဟန္တာခြောက်ကျိပ်၊ အဝန္တိဒက္ခိဏာပထတိုင်းသားရဟန္တာ ရှစ်ကျိပ်ရှစ်ပါးတို့ ကြွရောက်၍ စုဝေးမိသောအခါ “ဤအဓိကရုဏ်းသည် အလွန်ခက်ထန်ရဲရင့်လှသည်။ မိမိတို့ဘက်က အားရှိအောင် အဘယ်ပုဂ္ဂိုလ်ကို ရှာကြဦးမည်နည်း”ဟု တိုင်ပင်တော်မူကြသည်။ ပိဋကသုံးပုံ နှုတ်ငုံဆောင် ရဟန္တာအရှင်ရေဝတမထေရ်ကို ပင့်ရန်သဘောတူတော်မူကြသည်။ သောရေယျမြို့၌ အရှင်ရေဝတသည် သံဃာတော်များ တိုင်ပင်ပြောဆိုသံကို ဒိဗ္ဗသောတအဘိညာဉ်ဖြင့် ကြားတော်မူသဖြင့် ရဟန္တာအများ ဆုံမိလောက်ရာ သဟဇာတိမြို့တိုင်အောင် ကြွတော်မူသည်။ အရှင်ယသတို့လည်း သဟဇာတိမြို့သို့ ရောက်လာကြ၍ အရှင်ရေဝတအား ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓမ္မဝတ္ထု ၁၀ ပါးအကြောင်းကို လျှောက်ထားရာ အရှင်မြတ်က ဝိနည်းတော်နှင့်မညီကြောင်း မိန့်ကြားတော်မူသည်။ အရှင်ယသက ထိုအဓိကရုဏ်းကို ငြိမ်းအောင်ဆောင်ရွက်ကြပါစို့ဟု လျှောက်ထားရာ အရှင်ရေဝတက သဘောတူတော်မူသဖြင့် အဓိကရုဏ်းစ၍ ဖြစ်ရာဌာန၌ ဆုံးဖြတ်မှသာ ဤအဓိကရုဏ်း ငြိမ်းပြတ်မည်ဟု တိုင်ပင်၍ ဝေသာလီပြည်သို့ ကြွတော်မူကြသည်။

**အရှင်သဗ္ဗကာမိ မဟာထေရ်ထံသို့**

ထိုအချိန်က ဝေသာလီပြည်၌ အရှင်အာနန္ဒာ၏ အတူနေတပည့် ဘုရားရှင်ကို ဖူးတွေ့လိုက်ရသော ဝါတော် ၁၂၀ ရှိသော သံဃာ့ဦးစီး အရှင်သဗ္ဗကာမိ မဟာထေရ်ကြီး သီတင်းသုံးတော်မူသည်။ အရှင်ရေဝတ၊ အရှင်သမ္ဘူတထေရ်တို့သည် အရှင်သဗ္ဗကာမိ မဟာထေရ်ကြီးထံ ကြွရောက်၍ ဝဇ္ဇီတိုင်းသား ရဟန်းများ၏ အဓမ္မဝတ္ထု ၁၀ ပါး ဟောပြောကျင့်သုံးပုံ အလုံးစုံကို လျှောက်ထားကြသည်။ အရှင်သဗ္ဗကာမိ မဟာထေရ်က ဝဇ္ဇီတိုင်းသား ရဟန်းတို့ဝါဒသည် ဝိနည်းနှင့်ဆန့်ကျင်သော အဓမ္မဝါဒသာဖြစ်ကြောင်း မိန့်တော်မူသည်။ ထို့နောက် အဓိကရုဏ်းဆုံးဖြတ်ရန်အတွက် ရဟန္တာမထေရ် ရှစ်ပါးတို့ကို ရွေးချယ်တော်မူကြသည်။ ထိုအရှင်မြတ်တို့သည် ဗုဒ္ဓမြတ်စွာကို မီလိုက်၊ ဖူးတွေ့လိုက်ကြရသော အရှင်မြတ်များ ဖြစ်သည်။

ဤသို့အားဖြင့် အရှင်ရေဝတသည် ဝဇ္ဇီတိုင်းသားတို့၏ အယူအဆ ၁၀ မျိုးကို တစ်ခုချင်းမေးလျှောက်ရာ အရှင်သဗ္ဗကာမိ မထေရ်က တစ်ခုချင်းဖြေရှင်းတော်မူ၍ သံဃာတော်အရှင်မြတ်များက အဓမ္မဝတ္ထု၊ အဝိနယသာဖြစ်ကြောင်း ဆုံးဖြတ်တော်မူကြသည်။ ဤသို့ ဝဇ္ဇီတိုင်းသားရဟန်းများ၏ အဓိကရုဏ်းကို ဆုံးဖြတ်တော်မူကြပြီး ဓမ္မဝိနယဒေသနာတော်ကို သင်္ဂါယနာတင်ရန်အတွက် တိပိဋကရေ ပဋိသမ္ဘိဒါပတ္တရဟန္တာ အရှင်မြတ် ၇၀၀ ကို ရွေးချယ်တော်မူကြသည်။

**ဒုတိယသင်္ဂါယနာတင်ချိန်**

ရဟန္တာအရှင်မြတ် ၇၀၀ တို့သည် ဝေသာလီပြည် ဝါလိကာရုံကျောင်း၌ သာသနာတော်နှစ် ၁၀၀ ပြည့် ကဆုန်လပြည့်နေ့မှစ၍ နတ်တော်လတိုင်အောင် ရှစ်လပတ်လုံး အရှင်ယသထေရ်အမှူးပြု၍ ဓမ္မဝိနယတို့ကို သင်္ဂါယနာတင်တော်မူကြသည်။ သင်္ဂါယနာတင်ရာ၌ သာသနာ့ဒါယကာမှာ ကာလာသောကမင်းဖြစ်သည်။ ကာလာသောကမင်းသည် မူလက အဓမ္မဝါဒီတို့ကို ကြည်ညိုကိုးကွယ်သော်လည်း နောက်တွင် ဓမ္မဝါဒီရဟန်းတော်တို့ကို ကြည်ညိုကာ ဒုတိယသင်္ဂါယနာ၏ ဒါယကာဖြစ်လာခြင်း ဖြစ်သည်။

**စင်ပြိုင်သင်္ဂါယနာ**

အရှင်ယသအမှူးပြုသော ရဟန္တာအရှင်မြတ်များသည် **(၁) မြတ်ဗုဒ္ဓ ပညတ်တော်မမူခဲ့သည်တို့ကို ထပ်မံပညတ်ခြင်းမပြုရန်၊ (၂) ပညတ်တော်မူပြီးသော သိက္ခာပုဒ်များကို ပယ်နုတ်ခြင်းမပြုရန်၊ (၃) ပညတ်တော်မူခဲ့သည့်အတိုင်း ကျင့်သုံးနေထိုင်ရန်**ဟူသော ပထမသင်္ဂါယနာတင် မထေရ်မြတ်တို့၏ မူဝါဒသုံးရပ်အတိုင်း ဒုတိယသင်္ဂါယနာတင်တော်မူခဲ့ပြီး ဓမ္မစက်၊ အာဏာစက်ဖြင့် ဝဇ္ဇီတိုင်းသားရဟန်းများကို နှင်ထုတ်နိုင်ခဲ့သည်။ ဝဇ္ဇီတိုင်းသားရဟန်းတို့သည် မိမိတို့နှင့် သဘောတူသော အသင်းအပင်းကို စုပေါင်း၍ ကောသမ္ဗီပြည်၌ ပထမသင်္ဂါယနာတင်၍ အတည်ပြုထားသော ဘုရားဟော ပါဠိတော်တို့ကို သူတို့အလိုကျ ပြုပြင်၍ စင်ပြိုင်သင်္ဂါယနာတင်ခြင်းဖြစ်သည်။ သံဃာ ၁၀၀၀၀ (တစ်သောင်း)ဖြင့် သင်္ဂါယနာတင်သဖြင့် “မဟာသင်္ဂီတိသင်္ဂါယနာ”ဟု အမည်ကို ခံယူကြ၍ မဟာသံဃိကဂိုဏ်းဟူ၍လည်းကောင်း၊ မဟာသင်္ဂီတိဂိုဏ်းဟူ၍လည်းကောင်း ခေါ်ဆိုကြသည်။ ပထမသင်္ဂါယနာတင် သံဃာတော်များ အဆက်အနွယ်ကို ထေရဝါဒဂိုဏ်းဟု ခေါ်သည်။ ဒုတိယသင်္ဂါယနာတင်သောအခါ ထေရဝါဒမှခွဲထွက်၍ မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိဂိုဏ်း)ဟု ကွဲပြားလာသည်။ ထေရဝါဒဂိုဏ်း၊ မဟာသံဃိကဂိုဏ်း (မဟာသင်္ဂီတိဂိုဏ်း)ဟု ဂိုဏ်းကြီး နှစ်ဂိုဏ်း ဖြစ်လာသည်။

# အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခု လှုပ်ရှား

**နေပြည်တော် ဧပြီ ၂၅**

ယနေ့ည ၉ နာရီ ၄၅ မိနစ် ၁၁ စက္ကန့်တွင် ညောင်ဦးမြေငလျင်စခန်းမှ အနောက် - အနောက်မြောက်ဘက် မိုင် ၂၀ ခန့်ကွာဝေးသော မြန်မာနိုင်ငံ ပြည်တွင်း (ပေါက်မြို့၏ တောင်-အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၂၁ ဒသမ ၂၈ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒသမ ၆၂ ဒီဂရီ၊ အနက် ၁၀၀ ကီလိုမီတာကို ဗဟိုပြု၍ ပမာဏ ၄ ဒသမ ၂(M) အဆင့်ရှိ အင်အားအနည်းငယ်ရှိသော မြေငလျင်တစ်ခုလှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**

❂ ဇယားထိပ်မှ

ရီးယဲလ်မက်ဒရစ်အသင်းဟာ လာမယ့်ပွဲစဉ်အဖြစ် အက်စ်ပန်ညိုအသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး အဲဒီပွဲစဉ်အပြီး ဘာစီလိုနာနဲ့ အယ်လ်ကလက်စီကိုပွဲစဉ်ကို ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

## မဟာဗောဓိအောင်ပွဲ

* မဟာပထဝီ၊ မြေသည်တုန်ဟည်း
မြစ်ကြီးသမုဒ္ဒရာ၊ ခိုးလှုံဖြာ၍
ပြင်းစွာမုန်တိုင်း၊ လေအရိုင်းကြောင့်
ပိုင်းပိုင်းပြတ်ကာ၊ တောင်သေလာနှင့်
ဥက္ကာကျသံ၊ တော်လဲသံတို့
ဝဲပျံပွဲ့ထပ်၊ ဤအရပ်ဝယ်
မာရ်နတ်လာပြီ ထိုနိမိတ်။

* “အို. . . သိဒ္ဓတ္ထ၊
ထလော့ချက်ချင်း၊ ယခုဆင်း. . . ”ဟု
မာန်တင်းရုန့်ရမ်း၊ ဒေါသလွှမ်းကာ
“မိုးကြမ်းရေဆိုး”၊ အစပျိုးသည့်
ကိုးမည်လက်နက်၊ ကိုင်စွဲလျက်လျှင်
တွယ်မက်ပြင်းစွာ၊ လုယက်လာသည်
အပရာဇိတ ပလ္လင်ကို။

* အလောင်းတော်မြတ်၊ မင်းသိဒ္ဓတ်ကို
မာရ်နတ်တိုက်ဖျက်၊ ကိုးလက်နက်ပြင်
စစ်လက်နက်မြင်း၊ ခြေတော်ရင်း၌
သက်ဆင်းခွေညှိုး၊ ခြေသုတ်ကြိုးနှယ်
တန်ဖိုးမဲ့ကင်း၊ ပျပ်ဝပ်ဆင်းသော်
မင်းသိဒ္ဓတ္ထ၊ မိန့်မြွက်ဟသည်
စမ်းကျရေနှယ် အေးအေးတည်း။

* “အသင်မာရ်နတ်၊ မြတ်သောရွှေပလ္လင်”
ဗောဓိပင်ကား၊ သင်နှင့်မရာ
မြင့်မြတ်စွာမို့၊ ပါရမီရှင်မြတ်
ပိုင်ဆိုင်အပ်သည့်၊
မြတ်သောနေရာ အမှန်တည်း”။

* သင်းသို့မြွက်ဖော်၊ အလောင်းတော်လျှင်
ရှေးသော်ကာလ၊ ဘဝများစွာ
ပြုဖူးပါသည့်၊ ဒါနသီလ
အစရှိသည်၊ ပါရမီဆယ်ပါး
ဆင်ခြင်ပွား၍၊ မြေသားပထဝီ
သက်သေတည်သော်၊
လည်သည်သွက်သွက်၊ အိုးထိန်းစက်သို့
ကြောက်မက်ဖွယ်ရာ၊ မြေကမ္ဘာလျှင်
ပြင်းစွာမြည်ဟည်း၊ ရိုက်ခတ်တီး၍
ရင်သည်းနှလုံး၊ ပွတ်ချေမှုန်းသို့
အုန်းကျွက်ဆူညံ၊ ဘဝင်လျှံသော်
မာရ်နတ်ယုတ်မာ၊ ခေါင်းဆောင်လာသည့်
ပေါင်းပါအစုံ၊ နတ်သူပုန်တို့
တုန်လှုပ်ပြင်းပြ၊ ဆုတ်ခွာရသည်
ဝဿဝတ္တီ ဆီသို့တည်း။ ။

**မြင်းမူမောင်နိုင်မိုး**

# ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်း



နေပြည်တော် မေ ၂၅

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဦးသည် ဒုတိယဝန်ကြီး ဦးခင်လတ်ကြီးနှင့် ဒေါက်တာသောင်းနိုင်ဦး၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့က မြန်မာနိုင်ငံ၏ ဓာတ်သတ္တုသယံဇာတ ဖြစ်ထွန်းမှုများနှင့် ဓာတ်သတ္တုများ ရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်းတို့ ဆောင်ရွက်နေသည့် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန၏ ဓာတ်သတ္တုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည့် အစည်းအဝေးသို့ တက်ရောက်ကြသည်။

ဦးစွာ ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ဌာန၏ လုပ်ငန်းဆောင်ရွက်နေမှုများ၊ မြန်မာနိုင်ငံ ဘူမိဗေဒနှင့် ဘူမိသိပ္ပံဆိုင်ရာ နည်းပညာရပ်များ၊ ဓာတ်သတ္တုသယံဇာတဖြစ်ထွန်းမှုများနှင့် အရေးပါသော တွင်းထွက်များရှာဖွေခြင်း၊ စမ်းသပ်တိုင်းတာခြင်းနှင့် ဖြစ်မြောက်နိုင်စွမ်းလေ့လာခြင်း စသည့်လုပ်ငန်းဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ဓာတ်သတ္တုကဏ္ဍသည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအခန်းကဏ္ဍမှ ပါဝင်နေ၍ ဌာနအလိုက် ပညာရှင်များအနေဖြင့် ဓာတ်သတ္တုသယံဇာတများကို တိုးချဲ့ရှာဖွေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန်၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်သည့် သုတေသနစွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရန်၊ အရေးပါသော တွင်းထွက်ဓာတ်သတ္တုများ ရှာဖွေစမ်းသပ်တိုင်းတာခြင်းများကို ဦးစားပေးဆောင်ရွက်သွားရန်၊ ခေတ်မီအတတ်ပညာနှင့် နည်းပညာများကို စဉ်ဆက်မပြတ်လေ့လာကြရန်နှင့် တရားမဝင်ဓာတ်သတ္တု တူးဖော်မှုများမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက ဓာတ်သတ္တုဖြစ်ထွန်းမှု တည်နေရာပြမြေပုံများ၊ ဘူမိဗေဒ မြေပုံများနှင့် ကျောက်နမူနာ၊ ဓာတ်သတ္တုနမူနာများကို လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး၌ လယ်ယာသုံးစက်ကိရိယာမျိုးစုံထုတ်လုပ်နိုင်ပြီး စားသုံးကုန်နှင့် လူသုံးကုန်များလည်း ထုတ်လုပ်လျက်ရှိ

ပဲခူး မေ ၂၅

ပဲခူးတိုင်းဒေသကြီး၏ အဓိကစီးပွားရေး မောင်းနှင်အားသည် MSMEs လုပ်ငန်းများပေါ်တွင် မူတည်လျက်ရှိပြီး ဒေသတွင်း အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်သည့် လုပ်ငန်းတစ်ခုဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးတွင် လယ်ယာသုံးစက်ကိရိယာမျိုးစုံထုတ်လုပ်နိုင်ကာ စားသုံးကုန်နှင့် လူသုံးကုန်များကိုလည်း ထုတ်လုပ်လျက်ရှိကြောင်း ယမန်နေ့မွန်းလွဲပိုင်းက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ MSMEs လုပ်ငန်းများ အရှိန်အဟုန်ဖြင့် တိုးတက်လာစေရေး MSMEs စီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ပြောသည်။




ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လယ်ယာသုံးစက်ကိရိယာများတွင်လည်း စက်သုံးဆီအခြေပြု စနစ်မှ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သည့် ဆိုလာစနစ်သို့ ပြောင်းလဲထုတ်လုပ်သွားရမည် ဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကြီး တစ်ခုလုံး စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲပေးနိုင်ပါက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ တိုးတက်ပြောင်းလဲလာမည်ဖြစ်ကြောင်း၊ စားသုံးကုန်များနှင့် ပတ်သက်၍ အရသာကောင်းမွန်မှုရှိသော်လည်း ထုပ်ပိုးမှုပါကင်စနစ်များ ပိုမိုအဆင့်မြှင့်တင်နိုင်ပါက နိုင်ငံတကာ ဈေးကွက်သို့ ထိုးဖောက် တင်ပို့နိုင်မည်ဖြစ်ကြောင်း၊ ပဲခူးတိုင်းဒေသကြီးမှ ထွက်ရှိသည့် လယ်ယာသုံးစက်ကိရိယာများ၊ စားသုံးကုန်နှင့် လူသုံးကုန်များ ဈေးကွက်ရရှိရေးအတွက် ဈေးရောင်းပွဲတော်များ၊ MSMEs ပြပွဲ/ ပြိုင်ပွဲများတွင် အောင်မြင်မှုများ ရရှိခဲ့မှုအပေါ် ထပ်မံ၍ ထုတ်ကုန်တစ်ခုချင်းအလိုက် နိုင်ငံတကာအဆင့်မီဖြစ်အောင် ထပ်မံကြိုးစားသွားကြရမည်ဖြစ်ကြောင်း။

တိုင်းဒေသကြီး မြို့နယ်အလိုက် သဘာဝမြေသြဇာထုတ်လုပ်သည့် လုပ်ငန်းများ တိုးတက်များပြားလာစေရေးနှင့် ကျေးရွာအုပ်စုများအလိုက် သဘာဝမြေသြဇာဖြင့် လက်တွေ့စမ်းသပ် စိုက်ပျိုးသရုပ်ပြခြင်းများကို တာဝန်ရှိသူများက ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ တက်ရောက်လာသည့် MSMEs လုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ လုပ်ငန်းများအလိုက် ကြုံတွေ့ရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်းနှင့် တိုင်းဒေသကြီး MSMEs အေဂျင်စီအနေဖြင့် လိုအပ်သည့်အရင်းအနှီး၊ စက်ပစ္စည်းနှင့် နည်းပညာရရှိရေး ပံ့ပိုးဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး MSMEs အေဂျင်စီအဖွဲ့ဥက္ကဋ္ဌ၊ လျှပ်စစ်၊ စွမ်းအင်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေး ဝန်ကြီး ဦးကျော်ထွဋ်က ပဲခူးတိုင်းဒေသကြီး အတွင်းရှိ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးလျက်ရှိမှုနှင့် ဆက်လက်ကူညီပံ့ပိုးပေးသွားမည့် လုပ်ငန်းစီမံချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသည့် လယ်ယာသုံးစက်ကိရိယာ ထုတ်လုပ်သူ လုပ်ငန်းရှင်များ၊ လူသုံးကုန်နှင့် စားသုံးကုန် ထုတ်လုပ်သည့် လုပ်ငန်းရှင်များက လုပ်ငန်းဆောင်ရွက်လျက်ရှိမှုအခြေအနေ၊ ဘက်စုံအဆင့်မြှင့်သွားမည့်အစီအမံများနှင့် ကြုံတွေ့နေရသည့် အခက်အခဲများကို ရင်းနှီးပွင့်လင်းစွာ တင်ပြဆွေးနွေးကြရာ တက်ရောက်လာသည့် ဌာနဆိုင်ရာများက ဝိုင်းဝန်းအကြံပြု ရှင်းလင်းပြောကြားကာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က MSMEs လုပ်ငန်းရှင်များ၏ တင်ပြချက်များနှင့်ပတ်သက်၍ လုပ်ငန်းတစ်ခုချင်းအလိုက် လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကျောက်မဲမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်မည်



ကျောက်မဲ မေ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ကျေးရွာနှစ်ရွာ၌ ပြည်နယ်အစိုးရ၏ အရေးပေါ်ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် Quick Win လုပ်ငန်းဖြစ်သော ကျေးလက်ရေရရှိရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ဖြူဖြူအောင်၊ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇင်လတ်နှင့် တာဝန်ရှိသူများက တောင်ဆေးလိတ် ကျေးရွာ၌ စိမ့်စမ်း(အမြင့်တင်)လုပ်ငန်း နှစ်မိုင်နှင့် ပင်တီးကျေးရွာ၌ စိမ့်စမ်း(အမြင့်တင်)လုပ်ငန်း တစ်မိုင်လေးဖာလုံ ဆောင်ရွက်နိုင်ရေး မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်း လိုအပ်ချက်များကို ကျေးရွာသူ ကျေးရွာသားများ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါလုပ်ငန်းများ ပြီးစီးပါက ဒေသခံတိုင်းရင်းသားပြည်သူများ၏ သောက်သုံးရေအတွက် များစွာအထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

# ကြံခင်းမြို့နယ်၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းကော်မတီဖွဲ့စည်း



ကြံခင်း မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်ဖြင့် အင်တိုင်းကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်း (VDP) ဆောင်ရွက်မည့် လုပ်ငန်းကော်မတီရွေးချယ်ခြင်းနှင့် ဦးစားပေး စီမံချက်လုပ်ငန်းရွေးချယ်ခြင်း အစည်းအဝေးကို ယမန်နေ့ညနေပိုင်းက ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ခေတ္တဥက္ကဋ္ဌ ဦးကျော်မင်းထက်က အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မူမူတင်က စီမံကိန်း လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျေးရွာလုပ်ငန်းကော်မတီ ရှစ်ဦးကို ဖွဲ့စည်းခြင်း၊ ဦးစားပေးလုပ်ငန်းရွေးချယ်ခြင်းနှင့် ကျေးရွာမှ တင်ပြချက်များ ပေါင်းစပ် ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

အဆိုပါကျေးရွာ၌ ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) ကာလအတွင်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဌာနဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး ကျေးရွာပြည်သူများ ပူးပေါင်းကာ အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့် နွေရာသီ အခြေခံဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်ပွဲ တက်ရောက်

မန္တလေး ဧပြီ ၂၅



မြန်မာ့ရိုးရာ အနုသုခုမပညာရပ်များကို တန်ဖိုးထားမြတ်နိုးတတ်စေရန်၊ အခြေခံပညာကျောင်းများ၏ သင်ရိုးညွှန်းတမ်းတွင်ပါဝင်သော အနုပညာဘာသာရပ်သင်ကြားမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ဖွင့်လှစ်သင်ကြားသည့် ၂၀၂၆ ခုနှစ် နွေရာသီ အခြေခံ ဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲသို့ ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်၊ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တာဝန်ရှိသူများ၊ သင်တန်းတက်ရောက်ကြမည့် အခြေခံပညာကျောင်းများမှ ကျောင်းသားကျောင်းသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဖွင့်ပွဲတွင် ပြည်ထောင်စုဝန်ကြီးက ဧပြီ ၂၅ ရက်မှ မေ ၉ ရက်အထိ ဖွင့်လှစ်မည့် သင်တန်းတွင် မဟာဂီတကြိုးသီချင်း၊ မြန်မာ့ရိုးရာအဆိုပညာ၏ အခြေခံသံစဉ်ခုနစ်ပါး၊ စန္ဒရားအခြေခံလက်လေ့ကျင့်ခန်းများ၊ အမျိုးသား အမျိုးသမီး အခြေခံကဗျာလွတ် (ပထမအဆင့်) ကကွက်များ၊ ကျောင်းသားလူငယ်များ လူပုံရေးဆွဲရာတွင် လွယ်လင့်တကူချဉ်းကပ်ရေးဆွဲနိုင်စေရန် လူပုံရေးဆွဲနည်းများနှင့် အခြေခံ ကနုတ်ရေးဆွဲနည်းများ၊ ရိုးရာပန်းပုအပြင် ခေတ်ပြိုင်ပန်းပု၊ ဖန်တီးမှုအခြေခံသဘောတရားနှင့် စွန့်ပစ်ပစ္စည်းများကို အသုံးပြုပြီး ပန်းပုအနုပညာဖန်တီးခြင်းတို့ကို ထည့်သွင်းသင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ အနာဂတ်ခေါင်းဆောင်များ ဖြစ်ကြမည့် မျိုးဆက်သစ် ကျောင်းသားလူငယ်များအနေဖြင့် မိမိတို့ဝါသနာပါရာ မြန်မာ့ရိုးရာသုခုမအနုပညာရပ်များကို နှစ်သက်မြတ်နိုးရန် လိုအပ်ကြောင်း၊ သို့မှသာ မျိုးချစ်စိတ်များ ထာဝစဉ်ရှင်သန်နေမည်ဖြစ်ကြောင်း၊ မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်စေရန်၊ လက်ဆင့်ကမ်းထိန်းသိမ်းသွားနိုင်ရန် မျိုးဆက်သစ်လူငယ်များအနေဖြင့် ယဉ်ကျေးမှုကိုယ်ခံအားကောင်းမွန်ပြီး မြန်မာ့သုခုမအနုပညာရပ်များကို သင်တန်းကာလအတွင်း ကြိုးစားသင်ယူကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပါမောက္ခချုပ်က နွေရာသီ အခြေခံဂီတ၊ အဆို၊ အကနှင့် ပန်းချီ၊ ပန်းပုသင်တန်းဖွင့်လှစ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြီး ဂီတပညာဌာနနှင့် သဘင်ပညာဌာနမှ ကျောင်းသား ကျောင်းသူများက အဆို၊ အကများဖြင့် ကပြဖျော်ဖြေတင်ဆက်ကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းတက်ရောက်ကြမည့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေဖြင့် အမှတ်(၉၅၁) ဆောက်လုပ်ရေးတပ်ခွဲ(အင်ဂျင်နီယာ)က ဆောင်ရွက်လျက်ရှိသည့် သုဓမ္မာဇရပ်နှစ်ဆောင် ပြန်လည်တည်ဆောက်နေမှု၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက ကြီးကြပ်၍ ပြုပြင်ဆောင်ရွက်လျက်ရှိသည့် ရွှေနန်းတော်ကျောင်း ပြုပြင်ထိန်းသိမ်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက ရှေးဟောင်းအဆောက်အအုံများ ပြုပြင်တည်ဆောက်ရာတွင် ရှေးမူမပျက် ပြန်လည်တည်ဆောက်သွားရန်၊ စဉ်ဆက်မပြတ်ထိန်းသိမ်းရေးလုပ်ငန်းများကို ဆောင်ရွက်သွားရန်၊ နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်များကို အကောင်အထည်ဖော်ဆောင်ရွက်သွားရန်နှင့် သုဓမ္မာဇရပ်နှစ်ဆောင်ကို ၂၀၂၆ ခုနှစ် မေလဆန်းတွင် ပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)ရှိ အရာထမ်း၊ အမှုထမ်းများအား အဆိုပါတက္ကသိုလ်ရှိ မဥ္ဇူသကဆောင်ခန်းမ၌ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်အရ ယဉ်ကျေးမှုကဏ္ဍကို ထိန်းသိမ်းမြှင့်တင်ပြီး ဟိုတယ်ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရန်၊ အမျိုးသားအကျိုးစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရန်၊ တိုင်းရင်းသားတို့၏ စာပေ၊ ဂီတ၊ ရိုးရာယဉ်ကျေးမှုကဏ္ဍများကို ထိန်းသိမ်းမြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်၊ တက္ကသိုလ်အနေဖြင့် ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းရင်းဖြင့် ပြည်ပမှဝင်ရောက်လာသော ယဉ်ကျေးမှုများကို ကာကွယ်သွားရန် လိုအပ်ကြောင်း၊ အနုပညာဖန်တီးမှုများကို ဆောင်ရွက်သည့်အခါ ကြည့်ရှုသူစိတ်ဝင်စားမှုရှိအောင် အတွေးအခေါ်သစ်များဖြင့် ဖန်တီးထုတ်လုပ်သွားကြရန် မှာကြားသည်။

ယင်းနောက် တက္ကသိုလ်ရှိ သင်ကြားဆောင်များကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်



ရန်ကုန် ဧပြီ ၂၅

အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ပေါင်းစပ်ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်ာန်းကျွန်းမြို့နယ် အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏရှိ ပတ္တမြားခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီညီ၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဗိုလ်ငွေး၊ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက အကြိမ်(၂၀)မြောက် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားပြိုင်ပွဲကို မြန်မာနိုင်ငံတွင် အိမ်ရှင်အဖြစ် ရန်ကုန်မြို့ မြန်မာကွန်ဗင်းရှင်းစင်တာ (MCC)ခန်းမ၌ မေ ၁၄ ရက်မှ ၁၈ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲကြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာ့ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်၊ အာရှကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်နှင့် အရှေ့တောင်အာရှ ကာယဗလနှင့် ကာယကြံ့ခိုင်မှု အားကစားအဖွဲ့ချုပ်တို့၏ အဖွဲ့ဝင်နိုင်ငံအချင်းချင်း ရင်းနှီးကျွမ်းဝင်မှု ရှိစေရန်အတွက်ဖြစ်ကြောင်း၊ နိုင်ငံတကာအဆင့်ရှိ အားကစားပြိုင်ပွဲတစ်ရပ်ကို လက်ခံကျင်းပပေးခြင်းဖြင့် အာဆီယံဒေသနိုင်ငံများအတွင်း မြန်မာနိုင်ငံ၏ ဂုဏ်သိက္ခာကို အားကစားဖြင့် မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ အရှေ့တောင်အာရှနိုင်ငံ ရှစ်နိုင်ငံမှ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားပေါင်း ၂၂ မျိုး ထည့်သွင်းကျင်းပသွားမည် ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ လာရောက်တာဝန်ထမ်းဆောင်မည့် အပြည်ပြည်ဆိုင်ရာ ဒိုင်/ဂျူရီများနှင့် ပြိုင်ပွဲဝင်အသင်းများ တည်းခိုနေထိုင်ရေးနှင့် စားသောက်ရေးဆိုင်ရာ ကိစ္စရပ်များကို စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် ပြိုင်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်ရေးအတွက် သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

ထို့နောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် နိုင်ငံအနေဖြင့် ဧည့်ဝတ်ကျေပွန်အောင် ဆောင်ရွက်ပေးသွားစေလိုကြောင်း၊ လာရောက် ယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်အသင်းများကို မြန်မာနိုင်ငံ၏ တန်ခိုးကြီးဘုရားဖြစ်သော ရွှေတိဂုံဘုရားနှင့် ဗိုလ်ချုပ်ဈေးတို့အား လေ့လာရေးခရီးစဉ်အဖြစ် လိုက်လံ ပို့ဆောင်ပေးစေလိုကြောင်း၊ မြို့တော်သန့်ရှင်းသပ်ရပ်သာယာလှပစေရေး၊ ပြိုင်ပွဲဝင်အသင်းများ သွားလာနေထိုင်ရေးနှင့် စားသောက်ရေးတို့ အဆင်ပြေချောမွေ့စေရန် အားလုံးကဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ယင်းနောက် အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံကာယဗလနှင့် ကာယကြံ့ခိုင်မှု အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက ပြိုင်ပွဲကျင်းပရေးနှင့် ပတ်သက်သည့် လုပ်ငန်းစီမံချက်အသေးစိတ်များ၊ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် အိမ်ရှင်မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဗီယက်နမ်၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နိုင်ငံများမှ ပြိုင်ပွဲဝင်ဦးရေ၊ ပြိုင်ပွဲကျင်းပမည့်အမျိုးအစား ၂၂ မျိုးနှင့် ပြိုင်ပွဲဖွင့်ပွဲ၊ ပိတ်ပွဲ၊ ဆုချီးမြှင့်ပွဲအတွက် ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို အသေးစိတ် ရှင်းလင်းတင်ပြကာ အစည်းအဝေးသို့ တက်ရောက်လာသည့် သက်ဆိုင်ရာ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက မိမိတို့နှင့် သက်ဆိုင်သည့် ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ရမည့် ကိစ္စရပ်များကို ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ဆွေးနွေးတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်နယ်နှင့်တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုအသင်း ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေး ညှိနှိုင်းဆွေးနွေး

မန္တလေး ဧပြီ ၂၅

၂၀၂၆ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲသို့ မန္တလေးတိုင်းဒေသကြီးကိုယ်စားပြု ထူးချွန်ထက်မြက်သော ဘော်လီဘောအားကစားသမားများ ရွေးထုတ်နိုင်ရန် ထပ်ဆင့်ယှဉ်ပြိုင်အောင်ပွဲခံယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေပိုင်းက တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီး အား/ကာညွှန်ကြားရေးမှူး ဦးနိုင်လင်းအောင်က အမှာစကားပြောကြားပြီးတိုင်းဒေသကြီးဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်း(အောင်သမာဓိစိန်ရွှေရတနာဆိုင်)က မေလ ပထမပတ် ဗထူးမိုးလုံအားကစားခန်းမ၌ ကျင်းပမည့် ခရိုင်အလိုက် အမျိုးသား၊ အမျိုးသမီး ဘော်လီဘောပြိုင်ပွဲအပြီးတွင် မန္တလေးတိုင်းကိုယ်စားပြု အရည်အချင်းပြည့်ဝသော အားကစားသမားကောင်းများ စိစစ်ရွေးချယ်၍ ကြိုတင်စခန်းသွင်းလေ့ကျင့်ပေးကာ တောင်ကြီးမြို့တွင် ဇွန် ၁၀ ရက်မှ ၁၉ ရက်အထိ ကျင်းပမည့် ပြည်နယ်နှင့် တိုင်းဒေသကြီး ဘော်လီဘောပြိုင်ပွဲသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အဓိကပံ့ပိုးမှုအပြည့်ဖြင့် တက်ရောက်ယှဉ်ပြိုင်ထပ်ဆင့်အောင်ပွဲခံယူနိုင်ရေး ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း(လက်ရွေးစင်ဟောင်း)၊ အတွင်းရေးမှူး ဦးမြင့်ဆွေတို့နှင့် အမှုဆောင်တို့က တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် ဘော်လီဘောပြိုင်ပွဲမှစ၍ အသင်းဝင်အားကစားသမားများ အသက်၂၅ နှစ်အောက် မှန်ကန်မှုဖြင့် စည်းကမ်းတကျ တိုင်းအောင်နိုင်ရေးအတွက် ပါဝင်ယှဉ်ပြိုင်နိုင်ရေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# ဒေသတွင်း ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်း၌ တိုးတက်ပါဝင်ချိတ်ဆက်နိုင်ပါက ကုန်သွယ်မှုအပြင် ပြည်သူချင်းဆက်ဆံရေးပါ တိုးမြှင့်တည်ဆောက်နိုင်မည်

ခင်ရတနာ

**ပြီးခဲ့တဲ့နှစ်လယ်ပိုင်း ဆောင်းဦးရာသီမှာ တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ဗီယက်နမ်နိုင်ငံတို့ နယ်နိမိတ်ထိစပ်နေတဲ့ဒေသကို လေ့လာခွင့်ရခဲ့ပါတယ်။ နယ်စပ်ဆိုတဲ့အတိုင်း တစ်ဖက်က ဗီယက်နမ်နယ်နိမိတ်စည်းရိုးနဲ့ တရုတ်နယ်နိမိတ်တံတိုင်းတွေဟာ ဆောင်းဦးမှာကျရောက်တဲ့ နှင်းမြူတွေအကြား ငွားငွားစွင့်စွင့် တည်ရှိနေတာပေါ့။ နှစ်နိုင်ငံကို ခြားနားထားတဲ့ ယွမ်မြစ်(ဗီယက်နမ်အခေါ် ဟောင်မြစ်)က အားမာန်အပြည့်နဲ့ စီးဆင်းနေပါတယ်။ မြစ်အပေါ်မှာတော့ နှစ်နိုင်ငံ နယ်စပ်ဂိတ်တည်ရှိပါတယ်။**

နယ်စပ်ဂိတ်ကို မရောက်ခင် ကုန်သွယ်ရေးစခန်းကို ဖြတ်သန်းသွားရပြီး အဲဒီမှာတော့ များပြားလှတဲ့ ကုန်တင်ကားတွေက တရုတ်နိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံကို ဖြတ်သန်း သယ်ယူပို့ဆောင်ဖို့အတွက် ပြင်ဆင်နေကြတာတွေ့ရတယ်။ ကားလမ်းနဲ့ သိပ်မကွာလှတဲ့ နေရာတစ်လျှောက်မှာ ရထားလမ်းအချို့နဲ့ ကုန်တင်ရထားအချို့ ခုတ်မောင်းသွားတာကိုလည်း သတိပြုမိပါတယ်။ ပုံမှန်ကုန်သွယ်ရေး တည်ငြိမ်စွာ တိုးတက်နေတဲ့ တရုတ်- ဗီယက်နမ် ကုန်သွယ်မှု တစ်စွန်းတစ်စကို မြင်တွေ့ခွင့်ရတဲ့အခါ မိမိတို့နိုင်ငံအတွက်လည်း ဖြန့်ကြက်အတွေးစတွေ ပေါ်ပေါက်လာခဲ့ပါတယ်။

**ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်းတွေအကြောင်း ဆက်စပ်အတွေးနယ်ချဲ့**

ယူနန်ပြည်နယ်ကနေ ခေတ္တနေထိုင်ရာပေကျင်းကို အပြန်ခရီး ကျည်ဆန်ရထားစီးနင်းရင်း တရုတ်နိုင်ငံနဲ့ အိမ်နီးချင်းဖြစ်တဲ့ မြန်မာ၊ လာအို၊ ဗီယက်နမ်တို့အကြားမှာ ဖွံ့ဖြိုးလာနေတဲ့ ကုန်းတွင်းကုန်သွယ်ရေးလမ်းကြောင်းတွေအကြောင်းကို ဆက်စပ်အတွေးနယ်ချဲ့နေမိတယ်။ ကုန်းတွင်းဆိပ်ကမ်းတွေနဲ့ ရထား-ကားပေါင်းစပ် Logistics စနစ် အတော်များများ တရုတ်နိုင်ငံကို ရောက်ရှိခဲ့စဉ် လေးလခွဲအတွင်းမှာ အတော်လေး လေ့လာခွင့်ရခဲ့ပါတယ်။ တရုတ်နိုင်ငံဟာ အာဆီယံနဲ့ ကုန်သွယ်မှုအနေနဲ့ ၂၀၂၄ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ဘီလီယံ၉၀၀ကျော် ရှိခဲ့ပြီး ဒေသတွင်းစီးပွားရေးပေါင်းစည်းမှုဟာ အရှိန်အဟုန်နဲ့ မြင့်မားနေတာကိုလည်း သိရှိခဲ့ပါတယ်။

**"အရှေ့တောင်အာရှက အရင်က ပင်လယ်ဆိပ်ကမ်းအခြေခံကုန်သွယ်ရေးကို အဓိကထားပါတယ်။ ဒါပေမဲ့ အခုနောက်ပိုင်းမှာ ကုန်းတွင်းလမ်းကြောင်းတွေကလည်း အရေးပါတဲ့ သယ်ယူပို့ဆောင်ရေးလမ်းကြောင်း ဖြစ်လာခဲ့ပါပြီ။ တရုတ်နိုင်ငံရဲ့ Belt and Road Initiative ကြောင့် လာအို၊ ဗီယက်နမ်နဲ့ မြန်မာတို့ကလည်း Regional Logistics Network ထဲကို တဖြည်းဖြည်း ဝင်ရောက်လာခဲ့ပါတယ်။ လာအိုနဲ့ ဗီယက်နမ်နိုင်ငံတွေမှာ အကောင်အထည်ပေါ်နေပေမယ့် မြန်မာနိုင်ငံကတော့ မကြာမီကျယ်ကျယ်ပြန့်ပြန့် စတင်နိုင်မယ်လို့ သုံးသပ်ရပါတယ်"**ဟု တရုတ်နိုင်ငံ အခြေစိုက် BEIBU GULF Port Group ရဲ့တာဝန်ရှိသူတစ်ဦးက ပြောကြားပါတယ်။

တရုတ်နိုင်ငံ ယူနန်ပြည်နယ်နဲ့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွေကို သွားရောက်လေ့လာခွင့်ရခဲ့စဉ်မှာ ကုန်းတွင်းဆိပ်ကမ်း (Dry Ports) တွေကို အများအပြား တွေ့မြင်ခဲ့ရသလို ဒါတွေဟာ နယ်စပ်ကုန်သွယ်ရေးအတွက် အထူးအရေးပါတဲ့ ကဏ္ဍတစ်ခုအဖြစ် ဦးစားပေးအဆင့်မြှင့်တင်ကြောင်းကိုလည်း ပြည်နယ်တာဝန်ရှိသူတွေထံက သိရှိရပါတယ်။ **"ကွမ်ရှီးက စိုက်ပျိုးရေးကို အခြေခံတဲ့ဒေသပေါ့။ အချို့နေရာတွေမှာ သကြားအခြေခံ ကြံစိုက်ခင်းတွေ အများအပြားရှိတယ်။ ထုတ်ကုန်ရှိတဲ့နေရာမှာ ကျွန်တော်တို့က တန်ဖိုးမြှင့်စက်ရုံတွေ တည်ဆောက်ဖို့ တွန်းအားပေးသလို တစ်ဖက်မှာလည်း ထုတ်ကုန်တွေကို သယ်ယူပို့ဆောင်ပေးနိုင်တဲ့ စနစ်ကောင်းရှိဖို့ ဖန်တီးပေးရပါတယ်။ ကုန်းတွင်းဆိပ်ကမ်းတွေရဲ့ အားသာချက်က ကား၊ ရထား၊ သင်္ဘော ပေါင်းစပ်ထားတဲ့စနစ်ဖြစ်လို့ အတော်လေးအဆင်ပြေလွယ်ကူလာခဲ့ပါတယ်။ ဒါကြောင့် ကုန်းတွင်းဆိပ်ကမ်းတွေကို အဆင့်မြှင့်တင်ပေးထားခြင်းဖြစ်တယ်"**ဟု ကွမ်ရှီးပြည်နယ်က ပြန်ကြားရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ရှင်းပြပါတယ်။

လေ့လာမိသလောက် တရုတ်-လာအို ရထားလမ်းကို ၂၀၂၁ ခုနှစ်ကတည်းက စတင်လည်ပတ်ပြေးဆွဲခဲ့တာဖြစ်ပြီး လွန်ခဲ့တဲ့ သုံးနှစ်လောက်မှာ ရထားလမ်းကို နေ့စဉ်စီးနင်းသူအရေအတွက် တရုတ်နိုင်ငံဘက်မှာတင် ၆၅၀၀၀ ခန့်နဲ့ လာအိုနိုင်ငံဘက်မှာ ၈၀၀၀ ကျော်ရှိတယ်လို့ မှတ်သားခဲ့ဖူးပါတယ်။ ၂၀၂၄ ခုနှစ်မှာ တရုတ်-လာအို ရထားလမ်းကနေ ကုန်တန်ချိန် သန်း ၃၀ ကျော် သယ်ဆောင်နိုင်ခဲ့တယ်လို့သိရှိရပြီး ယနေ့အချိန်မှာတော့သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အရေးကြီးတဲ့လမ်းကြောင်းတစ်ခုအဖြစ် ရပ်တည်နေခဲ့ပြီဖြစ်ပါတယ်။

> **❛ မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေကို ချိတ်ဆက်ပေးနိုင်တဲ့ အလယ်ဗဟိုနေရာမှာ တည်ရှိနေပေမယ့် လက်ရှိမှာတော့ ဒေသတည်ငြိမ်အေးချမ်းမှုလိုအပ်ချက်နဲ့ နိုင်ငံကိုပျက်စီးအောင်ဆွဲချနေကြတဲ့ ပြည်ဖျက်သစ္စာဖောက်တွေရဲ့အန္တရာယ်ကြောင့် အခြေခံအဆောက်အအုံလိုအပ်ချက် ကြီးမားနေရဆဲဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်လို စီးပွားရေးအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေအရ သယ်ယူပို့ဆောင်ရေးစရိတ်ဟာ စီးပွားရေးအရွယ်အစားရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ မြင့်မားနေဆဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အမြန်ဆုံးရရှိအောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ်နေပြီး တစ်ဖက်မှာလည်း အခြေခံအဆောက်အအုံတွေကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဒါပေမဲ့ အဖျက်သမားတွေရဲ့ ဖျက်ဆီးမှုကြောင့် မူလရှိနှင့်ပြီးသား ကားလမ်း၊ ရထားလမ်း၊ တံတား၊ ဆက်သွယ်ရေးစနစ်တွေဟာ သမင်မွေးရင်း ကျားစားရင်းဆိုသလို ပြန်လည်ပြင်ဆင်နေရတာဟာ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အတွက် အရှိန်တန့်စေတဲ့ အနှောင့်အယှက်အဟန့်အတားတွေပဲဖြစ်ပါတယ်။ ထို့အတူ နယ်မြေမငြိမ်းချမ်းတဲ့အတွက် နယ်စပ်ဂိတ်တွေကနေ ကုန်စည်စီးဆင်းမှုအခက်အခဲက နိုင်ငံနဲ့ပြည်သူကို ပိုပြီးထိခိုက်စေပါတယ် ❜**

နေ့စဉ် တရုတ်နိုင်ငံဘက်က စက်ပစ္စည်း၊ ဓာတ်မြေသြဇာနဲ့ အီလက်ထရွန်နစ်ပစ္စည်းတွေ အများဆုံးတင်ပို့ပြီး လာအိုနိုင်ငံဘက်က သစ်သီးဝလံ၊ ရော်ဘာနဲ့ သစ်တောထွက်ပစ္စည်းတွေ အများဆုံးတင်ပို့ပါတယ်။ ထို့အတူ တရုတ်-ဗီယက်နမ် ရထားလမ်းကနေ အထည်ချုပ်၊ သစ်သီးဝလံနဲ့ စားသောက်ကုန်တွေတင်ပို့ပြီး တရုတ်နိုင်ငံဘက်က အီလက်ထရွန်နစ်နဲ့ နည်းပညာမြင့်ပစ္စည်းတွေ တင်ပို့မှုကလည်း အလွန်များပြားပါတယ်။ ဒါကြောင့် ဗီယက်နမ်နိုင်ငံရဲ့ ပို့ကုန်က နိုင်ငံဂျီဒီပီရဲ့ ၇၀ ရာခိုင်နှုန်းကျော်အထိ မြင့်တက်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့သုံးနှစ်က အစီရင်ခံစာအရ တရုတ်နိုင်ငံတစ်နိုင်ငံလုံးမှာ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး ရထားပြေးဆွဲမှု အကြိမ်ရေ ၇၀၀၀ နီးပါးရှိခဲ့ပြီး နယ်စပ်ဖြတ်ကျော် ကုန်စည်ပို့ဆောင်မှုပမာဏ တန်ချိန် ၅ ဒသမ ၅၅ သန်းကျော် ရှိခဲ့ပါတယ်။ အထူးသဖြင့် ယူနန်ပြည်နယ်မှာရှိတဲ့ နိုင်ငံတကာ ကုန်စည်ပို့ဆောင်ရေး ရထားပြေးဆွဲမှုအကြိမ်ရေနဲ့ ကုန်စည်ပို့ဆောင်မှုပမာဏက တစ်နိုင်ငံလုံး စုစုပေါင်းရဲ့ ၇၀ ကနေ ၈၀ ရာခိုင်နှုန်းကျော်အသီးသီး ရှိခဲ့ပါတယ်။

နယ်စပ်ဖြတ်ကျော်ရထားလမ်းဟာ သာမန်ကုန်းလမ်းပို့ဆောင်ရေးလမ်းကြောင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် ပိုမိုအဆင်ပြေထိရောက်မှုရှိတယ်လို့ သိရပါတယ်။ ဥပမာအားဖြင့် တရုတ်နိုင်ငံ ကူမင်းမြို့ကနေ ထွက်ခွာတဲ့ ကုန်စည်ရထားဟာ ဗီယင်ကျန်းမြို့အထိ အရောက် ၂၆ နာရီသာကြာမြင့်ပြီး ကုန်းလမ်းက ကားနဲ့ သယ်ယူပို့ဆောင်တာထက် နှစ်ရက်ကနေ သုံးရက်အထိ သက်သာစေလို့ ကုန်ကျစရိတ်များစွာ လျှော့နည်းသက်သာစေပါတယ်။ တရုတ်နိုင်ငံက နိုင်ငံတကာနဲ့ ချိတ်ဆက်တဲ့ နိုင်ငံတကာရထားလမ်းတွေဖြစ်တဲ့ ရှန်ဟိုင်း-ယူနန်-လန်ချန်း-မဲခေါင်လမ်းနဲ့ တရုတ်-လာအို အအေးခန်း ကုန်တွဲအထူးရထားလမ်းတွေဟာ ဒေသတွင်း ပို့ဆောင်ရေးကို သိသိသာသာမြှင့်တင်ပေးနိုင်ခဲ့သလို တရုတ်နဲ့ အရှေ့တောင်အာရှနိုင်ငံတွေအကြား ကုန်းလမ်းကနေ စီးပွားရေးနဲ့ ကူးသန်းရောင်းဝယ်ရေး အဓိကလမ်းကြောင်းတွေအဖြစ် အရေးပါလာခဲ့ပါတယ်။

**တန်ဖိုးမြှင့်ထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုအချိုးတိုးမြှင့်ဖို့ ကြိုးပမ်းဆောင်ရွက်**

မိမိတို့နိုင်ငံမှာ MSME ပိုမိုဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတော်အစိုးရက တွန်းအားပေးလုပ်ဆောင်လျက်ရှိသလို နိုင်ငံရဲ့အဓိကစီးပွားရေးဖြစ်တဲ့ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်တွေကို တန်ဖိုးမြှင့်ထုတ်လုပ်နိုင်ဖို့လည်း ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ပကို တင်ပို့ရာမှာ သဘာဝထုတ်ကုန်တွေကို တင်ပို့ရာကနေ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ထုတ်လုပ်ပြီး အိမ်နီးချင်း ထိုင်းနိုင်ငံနဲ့ ဗီယက်နမ်နိုင်ငံတို့လို တန်ဖိုးမြှင့်ထုတ်ကုန်တွေရဲ့ ထုတ်လုပ်မှုအချိုးတိုးမြှင့်ဖို့ ကြိုးပမ်းဆောင်ရွက်နေတာကိုလည်း မြင်တွေ့ရပါတယ်။

မြန်မာနိုင်ငံရဲ့ စိုက်ပျိုးရေးထုတ်ကုန်တင်ပို့မှုတန်ဖိုးဟာ နိုင်ငံတကာသုတေသန အချက်အလက်တွေအရ အမေရိကန်ဒေါ်လာ ငါးဘီလီယံကနေ ခြောက်ဘီလီယံခန့်ရှိပေမယ့် တင်ပို့သမျှရဲ့ ၈၀ ရာခိုင်နှုန်းကနေ ၉၀ ရာခိုင်နှုန်းက မူရင်းထုတ်ကုန်တွေသာဖြစ်ပါတယ်။ စိုက်ပျိုးရေးထွက်ကုန်တွေကို တန်ဖိုးမြှင့် အစားအစာတွေအဖြစ် ထုတ်လုပ်နိုင်ခဲ့ရင်၊ စနစ်တကျထုပ်ပိုးမှုနဲ့ ပေါင်းစပ်မြှင့်တင်နိုင်မယ်ဆိုရင် သိုလှောင်စဉ်နဲ့ သယ်ယူပို့ဆောင်စဉ်တွေမှာ ဆုံးရှုံးမယ့် လေလွင့်ဆုံးရှုံးမှုတွေကို ၂၀ ကနေ ၃၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်ပြီး ပို့ကုန်အရည်အသွေးတွေလည်း မြင့်မားလာမှာ ဖြစ်ပါတယ်။ လက်ရှိမှာ ပြည်တွင်းထုတ်ကုန်တွေကို အဆင့်မြှင့်တင်မှုတွေ တွင်တွင်ကျယ်ကျယ် ပြုလုပ်လာကြပေမယ့် ဈေးကွက်ဝေစုရရှိမှုမှာတော့ အားနည်းနေသေးတယ်လို့ ယူဆမိပါတယ်။

လာအိုနိုင်ငံလို ပင်လယ်ဆိပ်ကမ်းမရှိတဲ့ နိုင်ငံမျိုးမှာတောင် ကုန်တင်ရထားပို့ဆောင်ရေးကနေ ပို့ကုန်ကဏ္ဍကို မြှင့်တင်နိုင်ခဲ့ပြီး ဗီယက်နမ်နိုင်ငံဟာလည်း ကုန်းတွင်းသယ်ယူပို့ဆောင်ရေး တွင်ကျယ်လာတာနဲ့အမျှ နိုင်ငံရဲ့ ဂျီဒီပီကို များစွာမြင့်မားစေခဲ့တာတွေကိုလည်း သတိပြုဖို့လိုအပ်တယ်လို့ ယူဆမိပါတယ်။ ထို့အတူ ကုန်းတွင်းရထားဆိုက်ကပ်ရာမြို့တွေဟာ စီးပွားရေးမြို့တွေအဖြစ် ဖွံ့ဖြိုးမှုပြောင်းလဲလာနိုင်တာကြောင့် စက်မှုလုပ်ငန်းဖွံ့ဖြိုးတိုးတက်မှုကိုလည်း အလိုအလျောက်တွန်းအားပေးတဲ့ အခြေအနေတစ်ရပ် ဖြစ်လာနိုင်ပါတယ်။ **ကုန်ပစ္စည်းတွေ စုစည်းရာအချက်အချာဖြစ်လာတာနဲ့အမျှ ဒေသဖွံ့ဖြိုးတိုးတက်မှုကနေ စက်မှုဇုန်တွေအဖြစ် တိုးတက်ပြောင်းလဲလာတာကို တရုတ်နိုင်ငံရဲ့ ဒေသအများအပြားမှာ မြင်တွေ့ခဲ့ရပါတယ်။ အဲဒီအခါ သယ်ယူပို့ဆောင်ရေးစရိတ်ကို လျှော့ချပေးနိုင်ပြီး ကုန်ပစ္စည်းဖြန့်ဖြူးမှုစနစ်ကိုပါ ပိုမိုထိရောက်လာစေတာဖြစ်ပါတယ်။**

ကုန်းတွင်းကုန်ရထား သယ်ယူပို့ဆောင်ရေးဟာ ပင်လယ်ရေလမ်းကြောင်းကို မှီခိုမှုလျှော့ချနိုင်တဲ့အပြင် ဒေသတွင်းပြည်သူတွေအချင်းချင်း ဆက်ဆံရေးကိုလည်း တိုးမြှင့်စေနိုင်ရုံမက ဒေသတွင်း အာဏာသဘောတရားကိုပါ ပြောင်းလဲနိုင်စေပါတယ်။

စာမျက်နှာ ၁၁ သို့ ✻

✻ စာမျက်နှာ ၁၀ မှ

နိုင်ငံအချင်းချင်းကုန်သွယ်မှု မြင့်မားလာတာဟာ ပြည်သူအချင်းချင်းကူးလူးဆက်ဆံမှု တိုးမြင့်လာခြင်း၊ အစိုးရအချင်းချင်း ပိုမိုချိတ်ဆက်ဆောင်ရွက်ရခြင်း စတာတွေကြောင့် စီးပွားရေးအရေးပါရုံသာမက နိုင်ငံရေးအရအရေးပါမှုကိုလည်း တိုးတက်စေနိုင်မှာပါ။

**မြန်မာနိုင်ငံဟာ ပထဝီနိုင်ငံရေးအရ တရုတ်၊ အိန္ဒိယနဲ့ အာဆီယံနိုင်ငံတွေကို ချိတ်ဆက်ပေးနိုင်တဲ့ အလယ်ဗဟိုနေရာမှာ တည်ရှိနေပေမယ့် လက်ရှိမှာတော့ ဒေသတည်ငြိမ်အေးချမ်းမှုလိုအပ်ချက်နဲ့ နိုင်ငံကိုပျက်စီးအောင်ဆွဲချနေကြတဲ့ ပြည်ဖျက်သစ္စာဖောက်တွေရဲ့အန္တရာယ်ကြောင့် အခြေခံအဆောက်အအုံလိုအပ်ချက် ကြီးမားနေရဆဲဖြစ်ပါတယ်။ ကမ္ဘာ့ဘဏ်လို စီးပွားရေးအဖွဲ့အစည်းတွေရဲ့ အစီရင်ခံစာတွေအရ သယ်ယူပို့ဆောင်ရေးစရိတ်ဟာ စီးပွားရေးအရွယ်အစားရဲ့ ၂၀ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ မြင့်မားနေဆဲဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရနဲ့ တပ်မတော်က တိုင်းပြည်တည်ငြိမ်အေးချမ်းရေး အမြန်ဆုံးရရှိအောင် နည်းလမ်းမျိုးစုံနဲ့ ကြိုးပမ်းအားထုတ်နေပြီး တစ်ဖက်မှာလည်း အခြေခံအဆောက်အအုံတွေကို ဖြည့်ဆည်းပေးလျက်ရှိပါတယ်။ ဒါပေမဲ့ အဖျက်သမားတွေရဲ့ ဖျက်ဆီးမှုကြောင့် မူလရှိနှင့်ပြီးသား ကားလမ်း၊ ရထားလမ်း၊ တံတား၊ ဆက်သွယ်ရေးစနစ်တွေဟာ သမင်မွေးရင်း ကျားစားရင်းဆိုသလို ပြန်လည်ပြင်ဆင်နေရတာဟာ နိုင်ငံတိုးတက်ဖွံ့ဖြိုးဖို့အတွက် အရှိန်တန့်စေတဲ့ အနှောင့်အယှက်အဟန့်အတားတွေပဲဖြစ်ပါတယ်။ ထို့အတူ နယ်မြေမငြိမ်းချမ်းတဲ့အတွက် နယ်စပ်ဂိတ်တွေကနေ ကုန်စည်စီးဆင်းမှုအခက်အခဲက နိုင်ငံနဲ့ပြည်သူကို ပိုပြီးထိခိုက်စေပါတယ်။**

**ကမ္ဘာ့ရေနံဈေးနှုန်း မတည်ငြိမ်မှုတွေကြောင့် ကားနဲ့ သယ်ယူပို့ဆောင်မှုစရိတ်တွေဟာ နိုင်ငံတကာမှာလည်း ၁၅ ရာခိုင်နှုန်းကနေ ၂၅ ရာခိုင်နှုန်းအထိ မြင့်တက်လာတယ်လို့ သိရပါတယ်။ ဒါကြောင့် ကမ္ဘာမှာ ကားလမ်းသယ်ယူပို့ဆောင်မှုတွေကို ရထားစနစ်နဲ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်မှုတွေအဖြစ် ပြောင်းလဲလာနေကြပြီ ဖြစ်ပါတယ်။ ထို့အတူပဲ ပေါင်းစပ်သယ်ယူပို့ဆောင်ရေးစနစ်ကို ကျင့်သုံးလာကြပြီး ခရီးဝေး၊ ခရီးရှည်တွေကို ရထားနဲ့ သယ်ယူကြပြီး ခရီးတိုတွေကိုတော့ မော်တော်ကားနဲ့ ပေါင်းစပ်ဝန်ဆောင်မှုစနစ်ကို ကျင့်သုံးလာကြတာကို မြင်တွေ့ရပါတယ်။ မိမိတို့နိုင်ငံမှာလည်း ယင်းစနစ်ကို လျင်လျင်မြန်မြန် အကောင်အထည်ဖော်ကြရမှာပါ။**

လက်ရှိမြန်မာနိုင်ငံရဲ့ သယ်ယူပို့ဆောင်ရေးစနစ်ဟာ ကားအခြေခံဖြစ်ပြီး ရထားအသုံးပြုမှုကငါးရာခိုင်နှုန်းကနေ ခုနစ်ရာခိုင်နှုန်းသာ ရှိနေပါသေးတယ်။ ဒါကြောင့် ကွန်တိန်နာရထားစနစ်ကို တိုးချဲ့အသုံးပြုခြင်းကနေ သယ်ယူပို့ဆောင်မှုစရိတ်နဲ့ အချိန်ကို သိသိသာသာ လျှော့ချနိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်ကလည်း ကုန်ပစ္စည်းတွေကို ရထားနဲ့ပိုမိုတင်ပို့နိုင်ဖို့အတွက် ကုန်တင်ရထားတွေ စတင်ပြေးဆွဲနေတာကို သိရှိရပါတယ်။ ရထားနဲ့ သယ်ယူပို့ဆောင်တာဟာ ကားနဲ့သယ်ယူပို့ဆောင်တာထက် ၂၀ ကနေ ၄၀ ရာခိုင်နှုန်းအထိ ကုန်ကျစရိတ်ကို လျှော့ချနိုင်မယ်လို့ သိရှိရပါတယ်။ မြန်မာနိုင်ငံဟာ အခြေခံအဆောက်အအုံတွေဖြစ်တဲ့ ရထားသံလမ်းတွေ ပိုမိုဖြည့်တင်းတာ၊ ရထားစင်းရေ ပိုမိုတိုးချဲ့ပြေးဆွဲတာတွေကို ကြိုးပမ်းလုပ်ဆောင်နေတဲ့ရလဒ်အဖြစ် မြန်မာ့မီးရထားရဲ့ ပြောင်းလဲတိုးတက်မှုတွေကို မိမိတို့အားလုံး သိရှိပြီးဖြစ်ပါတယ်။

လက်ရှိမှာ လျှပ်စစ်ရထားတွေကို ရန်ကုန်-နေပြည်တော်-မန္တလေးအပြင် အခြားမြို့တွေကို တိုးချဲ့ပြေးဆွဲဖို့ စီစဉ်ဆောင်ရွက်လုပ်ဆောင်နေတာကြောင့် ဒီနှစ်သကြံန်ရုံးပိတ်ရက်ရှည်တွေမှာ ဝန်ထမ်းတွေနဲ့ မိဘပြည်သူတွေ အေးဆေးသက်သာစွာနဲ့ ကုန်ကျစရိတ်လျှော့နည်းစွာ ခရီးသွားလာနိုင်ခဲ့ကြပါတယ်။ ထို့အတူ ကုန်တင်ရထားတွေကို ပြေးဆွဲပေးလျက်ရှိတာကြောင့် ကုန်စည်ပို့ဆောင်ရေးမှာ များစွာအကျိုးပြုလျက်ရှိပါတယ်။ လျှပ်စစ်ရထားစနစ်ဟာ မြို့ပြသယ်ယူပို့ဆောင်ရေးနဲ့ ကုန်ပစ္စည်းသယ်ယူပို့ဆောင်ရေး နှစ်မျိုးစလုံးအတွက် အနာဂတ်မှာ အရေးပါတဲ့ စနစ်တစ်ခုဖြစ်လာနိုင်ပါတယ်။ လျှပ်စစ်ရထား ဖွံ့ဖြိုးလာပါက လောင်စာစရိတ်ကို ၃၀ ကနေ ၄၀ ရာခိုင်နှုန်းအထိ လျှော့ချနိုင်မှာဖြစ်ပြီး သယ်ယူပို့ဆောင်ခစရိတ် ကြီးမြင့်မှုသက်သာသလို ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ်မှုကိုလည်း ၆၀ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းအထိ လျှော့ချပြီးသားဖြစ်လာမှာပါ။

၂၀၂၃ ခုနှစ် ဇွန်လတုန်းက မြန်မာနိုင်ငံကထွက်တဲ့ သံသတ္တုရိုင်း တန်ချိန် ၁၀၀၀ ကျော်တင်ဆောင်ထားတဲ့ ကုန်တွဲရထားက ယူနန်ပြည်နယ် ပေါင်ရှန်းမြို့ ဖူမြောင်သယ်ယူပို့ဆောင်ရေးစင်တာ၊ မီးရထားအထူးလမ်းကြောင်းကနေ စတင်ထွက်ခွာလာခဲ့ပါတယ်။ နောက်နှစ်ရက်အကြာမှာတော့ စီချွမ်ပြည်နယ် ချန်ဒူးမြို့ ချိန်ရှန်းဘူတာကို ဆိုက်ရောက်ခဲ့ပါတယ်။ အဲဒါဟာ တရုတ်-မြန်မာလမ်းကြောင်းသစ် ကားလမ်း၊ မီးရထားလမ်း ပူးတွဲပို့ဆောင်ရေးရဲ့ ဆောင်ရွက်မှုဖြစ်သလို မန္တလေးမြို့ကနေ ကားလမ်းနဲ့ ထွက်လာခဲ့ပြီး ထိန်ချုန်းမြို့ ဟိုချောင်နယ်စပ်ဂိတ်ကနေ ပေါင်ရှန်းမြို့ ဖူဖြောင်သယ်ယူပို့ဆောင်ရေးစင်တာကို ရောက်ရှိ၊ အဲဒီကနေ ရထားနဲ့ ချန်ဒူးမြို့ကို ဆက်လက်သယ်ဆောင်ခဲ့တာဖြစ်ပါတယ်။ ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်မှုမှာ ကီလိုမီတာ ၂၃၀၀ ကျော်ရှည်လျားပြီး သယ်ယူပို့ဆောင်မှုခရီးစဉ်တစ်ခုလုံးက ငါးရက်တာ ကြာမြင့်ခဲ့ပါတယ်။

ဖူဖြောင်ဘူတာရုံမှူး ဝူကွမ်ရှန့်အတွက်ကတော့ ဒါက မမေ့နိုင်တဲ့ ပထမဆုံးသော ဘူတာရဲ့ နိုင်ငံတကာ ကားလမ်း-မီးရထားလမ်း ပူးတွဲပို့ဆောင်မှုအစီအစဉ်ဖြစ်ပါတယ်။ **“ရထားတွဲ ပို့ဆောင်ရေးအစီအစဉ်ထဲက ကျွန်တော်က ရထားတွဲလွှတ်ရွေးချယ်ချိတ်ဆက်မှုကို ကြိုတင်ပြင်ဆင်ထားပြီး တာဝန်ရှိသူက လုပ်ငန်းစဉ်ပြောင်းလဲချိတ်ဆက်မှုကို ကွပ်ကဲပေးတာပါ။ ရထားတွဲရဲ့ လုံခြုံရေးနဲ့ အမြန်ဆုံးထွက်ခွာနိုင်ရေးကို ကျွန်တော်တို့က အာမခံပေးနိုင်ခဲ့ပါတယ်”**လို့ တရုတ်နိုင်ငံ ကူမင်းမီးရထားဦးစီးဌာန ကွမ်းထုံးလမ်းပိုင် ဖူဖြောင်ဘူတာရုံမှူး ဝူကွမ်ရှန့်က ပြောပြပါတယ်။

ပြီးခဲ့တဲ့နှစ်အနည်းငယ်ကလည်း တရုတ်နိုင်ငံ ချုံချင့်မြို့ ယွီကြွေဘူတာက စတင်ထွက်ခွာပြီး အီလက်ထရွန်နစ်အပိုပစ္စည်းတွေ၊ ကားနဲ့ ဆိုင်ကယ်အပိုပစ္စည်းတွေ ကွန်တိန်နာ ၆၀ ခန့်ကို တင်ဆောင်လာခဲ့တဲ့ ကုန်တင်ရထားတစ်စင်းက ချုံချင့်-လင်ချန်း-မန္တလေး ကားရထား ပေါင်းစပ်အစီအစဉ်အရ ၁၅ ရက်ခရီးနဲ့ မန္တလေးမြို့ကို ဆိုက်ရောက်ခဲ့ပါတယ်။ ပုံမှန်ထက် ရက်ပေါင်း ၂၀ လောက် သက်သက်သာသာနဲ့ တင်ပို့နိုင်ခဲ့တယ်လို့ သိခဲ့ရပါတယ်။

တရုတ်နိုင်ငံဘက်က အခေါ်အဝေါ်အရ **“တရုတ်-မြန်မာလမ်းကြောင်းသစ်”**၊ **“တရုတ်-မြန်မာ-အိန္ဒိယသမုဒ္ဒရာလမ်းကြောင်းသစ်”**လို့ သိရပြီး ပင်လယ်ရေကြောင်းပို့ဆောင်ရေး၊ ကားလမ်း၊ ရထားလမ်း ပေါင်းစပ်သယ်ယူပို့ဆောင်ရေးအနေနဲ့ ဥရောပ၊ အာဖရိက၊ အရှေ့အလယ်ပိုင်းနဲ့ တောင်အာရှ နိုင်ငံအသီးသီးရဲ့ ကုန်စည်တွေ မြန်မာနိုင်ငံ ရန်ကုန်နဲ့ ကျောက်ဖြူဆိပ်ကမ်းတွေမှာ ဆိုက်ကပ်ပြီး ကုန်းလမ်းသယ်ယူပို့ဆောင်ရေးကနေတစ်ဆင့် တရုတ်နိုင်ငံနဲ့ ကုန်စည်ကူးသန်းမှုဖြစ်ပါတယ်။ ပစိဖိတ်သမုဒ္ဒရာ မလက္ကာရေလက်ကြားကိုပတ်တဲ့ ရေလမ်းကြောင်းဆိုတဲ့ အရင်လမ်းကြောင်းနဲ့ နှိုင်းယှဉ်မယ်ဆိုရင် အလွန်ကို တိုတောင်းကောင်းမွန်တဲ့ လမ်းကြောင်းသစ်လို့ စီးပွားရေးပညာရှင်တွေက ယူဆကြပါတယ်။ လက်ရှိမှာ ကွန်တိန်နာ ၁၀၀၀ ကျော် တင်ပို့ခဲ့ပေမယ့် မြန်မာနိုင်ငံအတွင်းက ဒေသတွေ တည်ငြိမ်အေးချမ်းသွားမယ်ဆိုရင် ထိုထက်မက တိုးချဲ့ကုန်သွယ်နိုင်မှာဖြစ်သလို မြန်မာနိုင်ငံအနေနဲ့လည်း များစွာအကျိုးဖြစ်ထွန်းစေမယ့် စီမံကိန်းတစ်ခုလို့ ယူဆမိပါတယ်။

**တိုင်းပြည် တည်ငြိမ်အေးချမ်းသာယာလာတာနဲ့အမျှ၊ တရားဥပဒေစိုးမိုးလာတာနဲ့အမျှ ပြည်တွင်းကုန်စည်သယ်ယူပို့ဆောင်ရေးသာမက ဒေသတွင်းရထားအသုံးပြု သယ်ယူပို့ဆောင်ရေးစနစ်ကို တိုးမြှင့်အကောင်အထည်ဖော်နိုင်မယ်ဆိုရင် တရုတ်၊ လာအို၊ ဗီယက်နမ်နဲ့ မြန်မာနိုင်ငံတို့ကို ချိတ်ဆက်ထားမယ့် သယ်ယူပို့ဆောင်ရေးကွန်ရက်ဟာ ယခုထက် ပိုမိုလျင်မြန်စွာနဲ့ ဖွံ့ဖြိုးလာပြီး ဒေသတွင်းကုန်ပစ္စည်းဖြန့်ဖြူးမှုစနစ်အတွင်းမှာ မိမိတို့နိုင်ငံဟာ အရေးပါတဲ့ အချက်အချာနေရာတစ်ခုအဖြစ် ရပ်တည်လာနိုင်မှာဖြစ်ပြီး ဒေသတွင်း ပြည်သူအချင်းချင်းလည်း ယခုထက် ပိုမိုရင်းနှီးတဲ့ဆက်ဆံရေး၊ အလုပ်အကိုင်အခွင့်အလမ်းကောင်းတွေက စောင့်ကြိုနေမယ်လို့ ယုံကြည်မျှော်လင့်ပါကြောင်း။ ။**

# (၇၅) နှစ်ပြည့် စိန်ရတုသဘင်အထိမ်းအမှတ် အဂ္ဂမဟာ စိန်ရတုကျောင်းတော်ကြီး ကျောင်းဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကျင်းပ

**ရန်ကုန် မေ ၂၅**

သန်လျင်မြို့ မင်းကျောင်းပထမပြန်စာသင်တိုက်၏ (၇၅) နှစ်ပြည့် စိန်ရတုသဘင်အထိမ်းအမှတ် အဂ္ဂမဟာစိန်ရတုကျောင်းတော်ကြီး ကျောင်းဆိုင်းဘုတ်နှင့် ကမ္ပည်းမော်ကွန်းတို့ ဖွင့်လှစ်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ သန်လျင်မြို့နယ် မင်းကျောင်းပထမပြန် စာသင်တိုက်ကျောင်းဝင်း၌ ကျင်းပသည်။



အခမ်းအနားသို့ သန်လျင်မင်းကျောင်းပထမပြန် စာသင်တိုက် နိုင်ငံတော် သံဃမဟာနာယကဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် တင်မင်းလတ်နှင့်ဇနီး၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် ဥက္ကဋ္ဌ ဦးဌေးအောင်နှင့် ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများနှင့် အလှူရှင်များ၊ ဧည့်ပရိသတ်များ တက်ရောက်ကြသည်။

ဦးစွာ သန်လျင်မင်းကျောင်းပထမပြန်စာသင်တိုက် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ အလှူရှင်များ ဖြစ်ကြသည့် ဦးဝင်းကျော်နှင့် ဦးအိုက်ရီတို့က အဂ္ဂမဟာ စိန်ရတုကျောင်းအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တာဝန်ရှိသူများက ကျောင်း၏ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြကာ ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော် သံဃမဟာနာယက ဥက္ကဋ္ဌ ဒေါက်တာ ဘဒ္ဒန္တ စန္ဒိမာဘိဝံသအား ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူနှင့်ဇနီး၊ အလှူရှင်များက အလှူငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး “ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် (၂၀၂၆)” အထိမ်းအမှတ် အခမ်းအနားကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူက အမှာစကား ပြောကြားပြီး ၂၀၂၆ ခုနှစ် ကမ္ဘာ့ကာကွယ်ဆေးထိုးနှံတိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် “မျိုးဆက်တိုင်းကို ကာကွယ်ထား ကာကွယ်ဆေး၏ စွမ်းပကား” Documentary Story နှင့် တေးသီချင်းဗီဒီယိုတို့ကို ကြည့်ရှုကြသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၁ ခုနှစ်မှ ၂၀၂၆ ခုနှစ်အတွင်း ကာကွယ်ဆေးထိုးလုပ်ငန်း ထူးချွန်စွာဆောင်ရွက်ခဲ့သော စံပြမြို့နယ်ဖြစ်သည့် မင်္ဂလာဒုံမြို့နယ်ကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ဂုဏ်ပြုဆုပေးအပ်သည်။

ထို့နောက် လပြည့်ဝန်းကလေး သူငယ်မိသားစုဖွံ့ဖြိုးတိုးတက်ရေးဂေဟာမှ ကလေးငယ်များက “တို့ချစ်တဲ့ကမ္ဘာ” သီချင်းဖြင့် သီဆိုဂုဏ်ပြု ဖျော်ဖြေတင်ဆက်ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်ဇနီးတို့က ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

# ရေဝတီတံတား(ရတနာပုံ) Load Test စစ်ဆေး၍ လက်ရှိခွင့်ပြုနေသည့် ၂၅ တန်မှ ၄၅ တန်အထိ တိုးမြှင့်ခွင့်ပြု

**နေပြည်တော် မေ ၂၅**

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့် သည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ စစ်ကိုင်း တိုင်းဒေသကြီး လမ်းပန်း ဆက်သွယ်ရေးဝန်ကြီးနှင့် အတူ ယနေ့တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးသွားသော ရေဝတီတံတား (ရတနာပုံ)ကို အားဖြည့်ပြုပြင်ခြင်း ပြီးစီး၍ Load Test စစ်ဆေးပြီး ၂၅ တန်မှ ၄၅ တန်သို့ တိုးမြှင့်၍ ကုန်တင်ယာဉ်များ ဖြတ်သန်း ခွင့်ပြုပေးနေမှု၊ မန္တလေးမြို့နှင့် စစ်ကိုင်းမြို့အတွင်းရှိ ငလျင်ဒဏ် ကြောင့် ပျက်စီးသွားသည့်ဝန်ထမ်း အိမ်ရာများအတွက် အသစ် ပြန်လည် တည်ဆောက်နေသည့် အခြေအနေတို့ကို ကြည့်ရှုစစ်ဆေး သည်။




ဦးစွာ ရှင်းလင်းဆောင်တွင် တာဝန်ခံအင်ဂျင်နီယာက ရေဝတီ တံတား(ရတနာပုံ) မန္တလေးလျှင် ကြီးကြောင့် ရေလယ်တိုင်ရှိ Gusset Plate များ၊ သံပေါင်ရှိ Inclined Member များ၊ Bearing များ ပျက်စီးခဲ့ရသည့် အခြေအနေ၊ ပျက်စီးမှုများကို စစ်ဆေး၍ ကနဦး(ကုန်+ယာဉ်) ၁၅ တန်ဖြင့် စတင် ဖြတ်သန်းခွင့်ပြုခဲ့သည့် အခြေအနေ၊ ပထမအဆင့် ပြင်ဆင်မှုအနေဖြင့် သံပေါင် ချုပ်တန်းများ၊ Gusset Plate များ လဲလှယ်ပြီး၍ Load Test စစ်ဆေး ပြီး ၂၀၁၅ ခုနှစ် နိုဝင်ဘာလတွင် (ကုန်+ယာဉ်) ၂၅ တန်အထိ တိုးမြှင့် ဖြတ်သန်းခွင့်ပြုပေးခဲ့သည့် အခြေ အနေ၊ ယခုအခါ ဒုတိယအဆင့် အားဖြည့်ပြင်ဆင်ခြင်း ဆောင်ရွက် ပြီးစီး၍ Load Test စစ်ဆေးပြီး (ကုန်+ယာဉ်) ၄၅ တန်အထိတိုးမြှင့် ဖြတ်သန်းခွင့်ပြုနိုင်မည့် အခြေ အနေနှင့် ပြုပြင်ဆောင်ရွက်ခြင်း၊ စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ သည့် မှတ်တမ်းများကို ရှင်းလင်း တင်ပြရာ တံတားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော် ကောင်းချိုက တံတားကြီး၏ မူလခွင့်ပြုထားသော တန် ၆၀ အထိ ပြန်လည်ခွင့်ပြုပေးနိုင်ရေး အတွက် ငလျင်ကြီးဒဏ်ကြောင့် ပျက်စီးသွားသော Bearings လဲလှယ်ခြင်းများ ဆက်လက် ဆောင်ရွက်မည့် အစီအမံတို့ကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် တို့က ရေဝတီတံတား(ရတနာပုံ) သည် ရေဝတီမြစ်ကို ဖြတ်ကျော် ၍ မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်း ဒေသကြီးကို ဆက်သွယ်ပေးထားသည့် အရေးပါ သော တံတားတစ်စင်းဖြစ်၍ လမ်းပန်းဆက်သွယ်ရေး မပြတ် တောက်စေရေးအတွက် နေ့စဉ် ဖြတ်သန်းအသုံးပြုခြင်းကို မရပ် ဆိုင်းဘဲ ပြုပြင်ဆောင်ရွက်ရခြင်း ဖြစ်၍ ဘေးကင်းလုံခြုံရေးကို အလေးထားရန် လိုပါကြောင်း၊ ယခုတွင် ၄၅ တန်အထိ ခွင့်ပြုထား ပြီးဖြစ်၍ ကုန်တင်ယာဉ်ကြီးများ နှင့် ဆီသယ်ယာဉ်များသည် ဇက်ရေယာဉ်များဖြင့် ကူသန်းရန် မလိုအပ်တော့ဘဲ တံတားပေါ်မှ ဖြတ်သန်းသွားလာနိုင်မည်ဖြစ်၍ အချိန်နှင့် ဖြတ်သန်းခများ သက်သာသွားမည်ဖြစ်၍ ကုန်စည် စီးဆင်းမှု ပိုမိုမြန်ဆန်လွယ်ကူလာ မည်ဖြစ်ပါကြောင်း၊ သို့ရာတွင် ဒေသဆိုင်ရာအာဏာပိုင် အဖွဲ့ အစည်းများက ကုန်တင်ယာဉ်များ ကို သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းခွင့်ပြုစေရေး တာဝန် ရှိသူများအား ကြပ်မတ်ဆောင်ရွက် ပေးရန် လိုအပ်ကြောင်း မှာကြား ကာ ရေဝတီတံတား(ရတနာပုံ) တွင် ၄၅ တန်အထိ ကုန်တင်ယာဉ် များနှင့် ဆီသယ်ယာဉ်များ စတင် ဖြတ်သန်းသွားလာမှု အခြေအနေ ကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် မန္တလေးမြို့ရှိ ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာ ၂၆ လုံး၊ အခန်း ပေါင်း ၃၈၆ ခန်း တည်ဆောက်ခြင်း လုပ်ငန်းခွင်ကို လည်းကောင်း၊ စစ်ကိုင်းမြို့ရှိ ဝန်ထမ်းအိမ်ရာ အဆောက်အအုံ ခုနစ်လုံး၊ အခန်း ပေါင်း ၁၁၂ ခန်းအား တည်ဆောက် ရန် လက်ရှိဆောင်ရွက်နေသည့် အခြေအနေတို့ကို လည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စု ဝန်ကြီးက ဝန်ထမ်းများကို ဆောလျင်စွာ နေရာချထားနိုင်ရေး အတွက် သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြပ်မတ်ဆောင်ရွက် ရမည့် အခြေအနေတို့ကို မှာကြား ပြီး လုပ်ငန်းလိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်း ပေါင်းစပ် ဆောင်ရွက်ပေးသည်။

ငလျင်ကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများကို ပြုပြင်၍ ပြန်လည်နေရာချထားပေးနိုင်မှု အနေဖြင့် မန္တလေးမြို့တွင်ပြင်ဆင် ရမည့် အဆောက်အအုံ ၂၆၄ လုံး အနက် ၇၄ လုံးကို ပြုပြင်ပြီးစီး၍ ဝန်ထမ်းအင်အား ၁၁၃၄ ဦးကို လည်းကောင်း၊ စစ်ကိုင်းမြို့တွင် ပြင်ဆင်ရမည့် အဆောက်အအုံ ၃၂ လုံးအနက် ၂၅ လုံးကို ပြုပြင်ပြီးစီး ၍ ဝန်ထမ်းအင်အား ၂၄၉ ဦးကို လည်းကောင်း စုစုပေါင်း ဝန်ထမ်း အင်အား ၁၃၈၃ ဦးကို ပြန်လည် နေရာချထားပေးပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယမြို့တော်ဝန် ဝန်ထမ်းအိမ်ရာအသစ်များ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်း တာဝန်ယူဆောင်ရွက်နေကြသော ကုမ္ပဏီများနှင့် တွေ့ဆုံ

**နေပြည်တော် မေ ၂၅**

နေပြည်တော်ကောင်စီဝင် နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယ မြို့တော်ဝန် ဦးဝင်းမိုးခိုင်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက နေပြည်တော်ကောင်စီနယ်မြေ အကွက်အမှတ်(၈ – က) လုပ်ငန်းခွင်ရှင်းလင်းဆောင် တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း မန္တလေး ငလျင်ကြီးကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများ အတွက် ဝန်ထမ်းအိမ်ရာအသစ်များ ပြန်လည် တည်ဆောက်ခြင်းလုပ်ငန်းများကို တာဝန်ယူ ဆောင်ရွက်နေကြသော ကုမ္ပဏီများနှင့် တွေ့ဆုံသည်။



တွေ့ဆုံစဉ် ဒုတိယမြို့တော်ဝန်က မန္တလေး ငလျင်ဒဏ်ကြောင့် ယာယီစခန်းများတွင် နေထိုင်နေ သော နိုင်ငံ့ဝန်ထမ်းများကို မိုးမကျမီ ပြောင်းရွှေ့ နေထိုင်နိုင်စေရန်အတွက်ရည်ရွယ်၍ ဆောင်ရွက် ကြစေလိုကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ထမ်း အိမ်ရာ အဆောက်အအုံများကို မဂ္ဂနီကျူ ၈ အထိ ငလျင်ဒဏ်ခံနိုင်စေရန် ဒီဇိုင်းရေးဆွဲထားခြင်းဖြစ် သဖြင့် တည်ဆောက်ရာတွင်လည်း သတ်မှတ်ဒီဇိုင်း ပုံစံများအတိုင်း စနစ်တကျလိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ ထို့ပြင် QA/QC အဖွဲ့များကလည်း တည်ဆောက်ရေးလုပ်ငန်းများတွင် အရည်အသွေး စစ်ဆေးမှုများကို စနစ်တကျ ကြပ်မတ်ဆောင်ရွက် ကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် တာဝန်ယူဆောင်ရွက်နေသော ကုမ္ပဏီများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေ နှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများကို ရှင်းလင်း တင်ပြကြရာ ဒုတိယမြို့တော်ဝန်က လုပ်ငန်းပိုင်း ဆိုင်ရာ အခက်အခဲများရှိပါက အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ကြရန်နှင့် အခြားလိုအပ်ချက်များ ရှိပါက သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းဆောင်ရွက် ပေးမည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို သတ်မှတ်ထား သော အချိန်အတွင်း အရည်အသွေးပြည့်မီစွာ ပြီးစီး စေရေး အထူးအလေးထား၍ ဆောင်ရွက်ကြရန်လို ကြောင်းနှင့် ဝန်ထမ်းအိမ်ရာ တည်ဆောက်ရေး လုပ်ငန်းသည် ဝန်ထမ်းများ၏ စားဝတ်နေရေးတွင် နေရေးနှင့် တိုက်ရိုက်ဆက်နွှယ်နေသောကြောင့် တိကျမှန်ကန်မှု၊ အချိန်မီဆောင်ရွက်မှုနှင့် အရည် အသွေးပြည့်မီမှုတို့သည် မဖြစ်မနေ လိုက်နာဆောင်ရွက် ရမည့် သတ်မှတ်ချက်များဖြစ်၍ အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သော ဝန်ထမ်းအိမ်ရာများအတွက် စုစုပေါင်း အဆောက် အအုံ ၂၉၁ လုံး(အခန်းပေါင်း ၄၆၅၆ ခန်း)ကို တည်ဆောက်လျက်ရှိပြီး လုပ်ငန်းများ အရည်အသွေး ပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးစေရေး တာဝန်ရှိသူများက စနစ်တကျ ကြပ်မတ်တည်ဆောက် လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# မြဝတီမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်များနှင့် UID Unique Indentity ကတ်များ ပေးအပ်ပွဲ ကျင်းပ

**မြဝတီ မေ ၂၅**

ကရင်ပြည်နယ် မြဝတီမြို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့ အင်အားဝန်ကြီးဌာနက ကြီးမှူး၍ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် နိုင်ငံသား စိစစ်ရေးကတ်များ ပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်း က အမှတ်(၄)ရပ်ကွက် အုပ်ချုပ် ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ခရိုင်ဦးစီးမှူးရုံး ဒုတိယညွှန်ကြား ရေးမှူး ဦးကျော်ကျော်သန်းက အမှာစကား ပြောကြားပြီး ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် အသက် (၁၀)နှစ်အထက် ပြည်သူ ၅၅ ဦး အား နိုင်ငံသားစိစစ်ရေးကတ် များကို ပြည်သူများ၏ လက်ဝယ် အရောက် ပေးအပ်သည်။

ထိုသို့ ပေးအပ်ရာတွင် ဒုတိယ ညွှန်ကြားရေးမှူး ဦးကျော်ကျော် သန်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော် မော်အောင်နှင့် တာဝန်ရှိသူများက ပြည်သူတစ်ဦးချင်းစီ၏ လက်ဝယ် အရောက်နိုင်ငံသားစိစစ်ရေးကတ် များကို ပေးအပ်ခဲ့ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများ က နိုင်ငံသားစိစစ်ရေးကတ်များ ရရှိပြီးသည့် ပြည်သူများကို UID Unique Indentity လုပ်ငန်း များ ဆောင်ရွက်ပေးနေမှုကို တာဝန် ရှိသူများက လိုက်လံကြည့်ရှုခဲ့ကြ ပြီး ဆောင်ရွက်ပြီးစီးသည့် UID



Unique Indentity ကတ်များကို ပြည်သူများ၏ လက်ဝယ် အရောက် ပေးအပ်ခဲ့ကြောင်း သိရ သည်။ **ဆောင်းနှင်းဖြူ(ပြန်/ဆက်)**

**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# မက္ကဆီကိုနိုင်ငံက ဂျပန်နိုင်ငံသို့ ရေနံစိမ်းစည်ပေါင်း တစ်သန်း ထောက်ပံ့ပေးရန် သဘောတူ

**မက္ကဆီကိုစီးတီး မေ ၂၅**

မက္ကဆီကိုနိုင်ငံက ဂျပန်နိုင်ငံသို့ ရေနံစိမ်း စည်ပေါင်း တစ်သန်း ထောက်ပံ့ပေးရန် သဘောတူညီခဲ့သည်။

အဆိုပါ သဘောတူညီချက်သည် ယခုသီတင်းပတ် အစောပိုင်းတွင် နှစ်နိုင်ငံခေါင်းဆောင်များကြား တယ်လီဖုန်း ဆွေးနွေးမှုမှတစ်ဆင့် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။

**ဆွေးနွေး**

ဂျပန်ဝန်ကြီးချုပ် တာကာချီဆာနေးက မက္ကဆီကိုသမ္မတ ကလော်ဒီယာ ရှိန်းဘမ်းနှင့် မေ ၂၁ ရက်တွင် ဆွေးနွေးခဲ့သည်။

မေ ၂၂ ရက်တွင် မက္ကဆီကိုသမ္မတ ကလော်ဒီယာ ရှိန်းဘမ်းက ဂျပန်နိုင်ငံက ရေနံစိမ်းများ တောင်းခံခဲ့ကြောင်း သတင်းထောက်များအား ပြောကြားခဲ့သည်။

ရေနံစည်ပေါင်း တစ်သန်းသည် ဂျပန်နိုင်ငံ၏ တစ်နေ့တာ ရေနံသုံးစွဲမှု၏ ၆ဝ ရာခိုင်နှုန်းဖြစ်ကြောင်း ဂျပန်စက်မှုဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

မက္ကဆီကို၏ ရေနံထုတ်လုပ်မှုသည် မကြာသေးမီနှစ်များအတွင်း လျော့ကျခဲ့ပြီး နိုင်ငံ၏ ပိုလျှံနေသော ရေနံပမာဏ အတိအကျထုတ်ပြန်ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**








# ဂျပန်နိုင်ငံက ဇူလိုင်လမှစတင်၍ နိုင်ငံကူးလက်မှတ်လျှောက်ထားခများကို လျှော့ချပေးမည်

**တိုကျို မေ ၂၅**

ဂျပန်နိုင်ငံက ဇူလိုင်လမှစတင်၍ နိုင်ငံကူးလက်မှတ် လျှောက်ထားခများကို လျှော့ချပေးမည်ဖြစ်ကြောင်း သိရသည်။

၁ဝ နှစ်သက်တမ်း နိုင်ငံကူးလက်မှတ်အတွက် လျှောက်ထားခသည် ယန်း ၉ဝဝဝ ခန့် (အမေရိကန်ဒေါ်လာ ၅၆) သာရှိမည်ဖြစ်ပြီး လက်ရှိကုန်ကျစရိတ်ထက် ယန်း ၇ဝဝဝ လျှော့နည်းမည်ဖြစ်သည်။

အထက်လွှတ်တော်က နိုင်ငံကူးလက်မှတ် အက်ဥပဒေကို ပြန်လည်ပြင်ဆင်ရန် မေ ၂၄ ရက်တွင် တညီတညွတ်တည်း အတည်ပြုခဲ့သည်။

အသက် ၁၈ နှစ်အောက် ငါးနှစ်သက်တမ်း နိုင်ငံကူးလက်မှတ်အတွက် လျှောက်ထားခသည် ယန်း ၄၅ဝဝ (အမေရိကန်ဒေါ်လာ ၂၈ ) ဖြစ်ပြီး အသက် ၁၈ နှစ်နှင့်အထက်ရှိသူများအတွက် ငါးနှစ်သက်တမ်း နိုင်ငံကူးလက်မှတ်ကို ဖျက်သိမ်းသွားမည်ဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံမှ ထွက်ခွာသွားသူများအပေါ် နိုင်ငံတကာ ခရီးသွားများ အခွန်ကောက်ခံမှုကို ဇူလိုင်လတွင် တိုးမြှင့်သတ်မှတ်ခဲ့ပြီးနောက် ယခုကဲ့သို့ နိုင်ငံကူးလက်မှတ် လျှောက်ထားခများကို လျှော့ချပေးသည့် အစီအစဉ်ထွက်ပေါ်လာခြင်းဖြစ်သည်။

နိုင်ငံကူးလက်မှတ် အခကြေးငွေ လျှော့ချခြင်းဖြင့် နိုင်ငံခြားသို့ ခရီးသွားမည့် နိုင်ငံသားများအတွက် ငွေကြေးဝန်ထုပ်ဝန်ပိုးမဖြစ်စေရန် ဂျပန်အစိုးရက ရည်ရွယ်ခြင်းဖြစ်ကြောင်း သိရသည်။

ဂျပန်နိုင်ငံ၌ နိုင်ငံကူးလက်မှတ်ကိုင်ဆောင်ထားသူဦးရေသည် အခြားဖွံ့ဖြိုးပြီးနိုင်ငံများနှင့် နှိုင်းယှဉ်ပါက နည်းပါးနေသောကြောင့် နိုင်ငံသားအများအပြား နိုင်ငံကူးလက်မှတ်ရရှိရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းလည်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အာဖဂန်နစ္စတန်နိုင်ငံ၌ ကလေး ၁၂ သန်းကျော်ကို ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့

**ကဘူး မေ ၂၅**

အာဖဂန်နစ္စတန်နိုင်ငံ၌ လွန်ခဲ့သည့်နှစ်အတွင်း ကလေး ၁၂ သန်းကျော်ကို ပိုလီယိုရောဂါကာကွယ်ဆေး တိုက်ကျွေးခဲ့ပြီး ကာကွယ်ဆေးတိုက်ကျွေးမှုနှုန်းမှာ ၉၈ ရာခိုင်နှုန်းအထိရှိခဲ့ကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုရေးရာ ညှိနှိုင်းရေးရုံး (OCHA) က ယနေ့ ပြောကြားခဲ့သည်။

**စီမံဆောင်ရွက်**

ပိုလီယိုကာကွယ်ဆေးတိုက်ကျွေးခြင်းအပြင် ဝက်သက်ကာကွယ်ဆေး ၁၆ ဒသမ ၆ သန်းနှင့် ဆုံဆို့နာ၊ ကြက်ညှာချောင်းဆိုးရောဂါ၊ မေးခိုင်နှင့် အသည်းရောင်အသားဝါ ဘီပိုးကာကွယ်ဆေး ၁ ဒသမ ၆ သန်းကို တစ်ချိန်တည်းတွင် စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အာဖဂန်နစ္စတန်နိုင်ငံက ပိုလီယိုရောဂါဖြစ်ပွားဆဲ နိုင်ငံအနည်းငယ်တွင် တစ်နိုင်ငံအဖြစ် ကျန်ရှိနေဆဲဖြစ်သည်။ ကျန်းမာရေးစောင့်ရှောက်မှု အကန့်အသတ်နှင့် စီးပွားရေးအခက်အခဲများကဲ့သို့ စိန်ခေါ်မှုများရှိနေသော်လည်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ကာကွယ်ဆေးထိုးနှံပေးခြင်းကို နိုင်ငံတကာအဖွဲ့အစည်းများ၏ ပံ့ပိုးကူညီမှုဖြင့် ဆက်လက်လုပ်ဆောင်နေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**




# ၂၀၂၅ ခုနှစ်အတွင်း ပြည်သူ ၂၆၆ သန်း ဆိုးရွားသော စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရ

**ကုလသမဂ္ဂ မေ ၂၅**

ယမန်နှစ်အတွင်း ပြည်သူ ၂၆၆ သန်းသည် ဆိုးရွားသော စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ရင်ဆိုင်ခဲ့ရကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က အစီရင်ခံစာတစ်ရပ် ယနေ့ ထုတ်ပြန်ခဲ့သည်။

အဆိုပါအရေအတွက်သည် ၂၀၁၆ ခုနှစ်ထက် နှစ်ဆနီးပါး တိုးလာခြင်းဖြစ်သည်။

ပဋိပက္ခနှင့် မလုံခြုံမှုများသည် ပြင်းထန်သော စားနပ်ရိက္ခာပြတ်လပ်မှု၏ အဓိက မောင်းနှင်အား ဖြစ်သည်။

ဂါဇာကမ်းမြောင်ဒေသတွင် လူဦးရေ နှစ်သန်းခန့်သည် စားနပ်ရိက္ခာပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အီရန်ပဋိပက္ခနှင့် ဟော်မုဇ်ရေလက်ကြားကို ပိတ်ပစ်ခြင်းကြောင့် စွမ်းအင်နှင့် ဓာတ်မြေဩဇာဈေးကွက်များအပေါ် သက်ရောက်မှုရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ပို့ဆောင်မှု ပြတ်တောက်မှုများသည် ကမ္ဘာလုံးဆိုင်ရာ စိုက်ပျိုးရေးနှင့် စားသောက်ကုန်ဈေးကွက်အတွက် ပိုမိုကျယ်ပြန့်သော အန္တရာယ်များကို ဖန်တီးနိုင်ကြောင်းလည်း သတိပေးထားသည်။

ပဋိပက္ခများ မြင့်တက်လာခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းနှင့် ကမ္ဘာ့ဈေးကွက် ပြတ်တောက်မှုများသည် ကလေးများအား အာဟာရချို့တဲ့မှုဆီသို့ တွန်းပို့နေခြင်းဖြစ်ကြောင်း ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ ဒုတိယပြောရေးဆိုခွင့်ရှိသူ ရီကာဒိုပီရက်စ်က ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နှင့် အီရန် နှစ်နိုင်ငံငြိမ်းချမ်းရေး ဒုတိယအကြိမ် ဆွေးနွေးပွဲကျင်းပရန် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား ပါကစ္စတန်သို့ ထပ်မံစေလွှတ်

**ဝါရှင်တန် မေ ၂၅**

အမေရိကန်နှင့် အီရန် နှစ်နိုင်ငံငြိမ်းချမ်းရေး ဒုတိယအကြိမ် ဆွေးနွေးပွဲကျင်းပရန် အမေရိကန်ကိုယ်စားလှယ်အဖွဲ့အား ပါကစ္စတန်သို့ ထပ်မံစေလွှတ်ခဲ့ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ကာရိုလင်လီဗစ်က ပြောကြားခဲ့သည်။

အမေရိကန် အထူးကိုယ်စားလှယ် စတီဗ်ဝတ်ကော့ဖ်နှင့် သမ္မတ ဒေါ်နယ်ထရမ့်၏ သားမက် ဂျာရတ်ကူရှ်နာတို့ တက်ရောက်မည်ဖြစ်ကြောင်း အိမ်ဖြူတော်ပြောရေးဆိုခွင့်ရှိသူ ကာရိုလင် လီဗစ်က ပြောကြားခဲ့သည်။

အီရန်နိုင်ငံခြားရေးဝန်ကြီး အဘတ်စ် အာရတ်ချီကလည်း မြို့တော် အစ္စလာမ္မာဘတ်သို့ ရောက်ရှိနေပြီဖြစ်သည်။

ပါကစ္စတန်၊ အိုမန်နှင့် ရုရှားနိုင်ငံသို့ အလည်အပတ်သွားရောက်ကာ နှစ်နိုင်ငံ ကိစ္စရပ်များနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုများကို ဆွေးနွေးရန် ရည်ရွယ်ထားကြောင်း သိရသည်။

အမေရိကန်-အီရန် နှစ်နိုင်ငံငြိမ်းချမ်းရေး ဒုတိယအကြိမ် ဆွေးနွေးပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပါကစ္စတန် စေ့စပ်ညှိနှိုင်းရေးတာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိသည်။


သို့သော် အီရန်၏ Tasnim သတင်း အေဂျင်စီက အီရန်နိုင်ငံက အမေရိကန်နှင့် တိုက်ရိုက်စေ့စပ်ညှိနှိုင်းရန် အစီအစဉ်မရှိကြောင်းနှင့် အီရန်နိုင်ငံခြားရေးဝန်ကြီး အာရတ်ချီ၏ ခရီးစဉ်သည် ပါကစ္စတန်အရာရှိများနှင့် ဆွေးနွေးရန်သာဖြစ်ကြောင်း ပြောကြားခဲ့သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

○ ကျောဖုံးမှ

အင်အားအလုံးအရင်းဖြင့် မြို့လုံခြုံရေး ဆောင်ရွက်နေသည့် နယ်မြေခံတပ်ရင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ထိုသို့ တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ကျည်တစ်တောင့်၊ လူတစ်ယောက်ကျန်သည်အထိ တိုက်ရဲသည့်စိတ်ဓာတ်၊ လေ့ခွက်ချည်းကျန် အလံမလှဲသည့်စိတ်ဓာတ်များဖြင့် အသက်ကို ပဓာနမထားဘဲ ရဲရဲဝံ့ဝံ့ဖြင့် ပြန်လည်ခုခံတွန်းလှန်ခဲ့ကြသော်လည်း အကြမ်းဖက်သမားများအနေဖြင့် အတင်းအဓမ္မခြိမ်းခြောက် လူသစ်စုဆောင်းခြင်းဖြင့် ရရှိလာသော သာလွန်အင်အားများကိုအသုံးပြုကာ ဒေသခံတိုင်းရင်းသားပြည်သူလူထုအား လူသားတံတိုင်းအဖြစ် အသုံးချ၍ တိုက်ခိုက်လာခြင်းတို့ကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တိုင်းရင်းသားပြည်သူများ ထိခိုက်မှုမရှိစေရန်နှင့် ပြည်သူလူထု၏ နေအိမ်များ၊ သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဆေးရုံဆေးခန်းများ ထိခိုက်ပျက်စီးဆုံးရှုံးမှုအနည်းဆုံးဖြစ်စေရေးအတွက် ထိန်းထိန်းသိမ်းသိမ်းဖြင့် ခုခံခဲ့သည်။ ထိုသို့ စစ်ဆင်ရေးကာလ ခြောက်လကြာမျှခုခံခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ထိခိုက်၊ ဒဏ်ရာရရှိမှု များပြားလာမှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် စစ်နည်းဗျူဟာမြောက်ကြားခံစစ်အဆင့်ဆင့်ဖြင့် ၂၀၂၅ ခုနှစ် မေလ ၆ ရက်နေ့တွင် စနစ်တကျဆုတ်ခွာခဲ့ရသဖြင့် အကြမ်းဖက်သောင်းကျန်းသူများသည် ဖလမ်းမြို့အား ယာယီစိုးမိုးခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ချင်းပြည်နယ် ခရိုင်မြို့တော်ကြီးတစ်ခုဖြစ်သည့် ဖလမ်းမြို့အား အမြန်ဆုံးပြန်လည်သိမ်းပိုက်ရရှိနိုင်ရေးနှင့် CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေးအတွက် ကလေးမြို့နှင့် တီးတိန်မြို့တို့၌လိုအပ်သည့် ပြင်ဆင်စုဖွဲ့မှုများနှင့် အုပ်ချုပ်ထောက်ပံ့မှုများကို ဖြည့်တင်းဆောင်ရွက်ခဲ့ပြီး မြေပြင်/ဝေဟင် ဟန်ချက်ညီပေါင်းစပ်စုဖွဲ့၍ စစ်ကြောင်းများခွဲပြီး နယ်မြေရှင်းလင်းခြင်းများ စတင်ခဲ့ကာ တန်ပြန်တိုက်စစ်များ တစ်ဆင့်ပြီးတစ်ဆင့် ခြေကုပ်ယူထိုးဖောက်တိုက်ခိုက်ခဲ့ရာ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသော သာယာကုန်းကျေးရွာအားလည်းကောင်း၊ အောက်တိုဘာလ ၃၀ ရက်နေ့တွင်နတ်ချောင်းတံတားအားလည်းကောင်း၊



တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်။

နိုဝင်ဘာလ ၃ ရက်နေ့တွင် ပွိုင့်-၂၂၄၄ တောင်ကုန်းအားလည်းကောင်း၊ နိုဝင်ဘာလ ၄ ရက်နေ့တွင် ကနေဒီတောင်နှင့်ဝေဘူလစခန်းတို့အားလည်းကောင်း၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ပွိုင့် -၂၀၆၄ တောင်ကုန်းအားလည်းကောင်း၊နိုဝင်ဘာလ၉ရက်နေ့တွင်သိုင်းငင်းစခန်းအားလည်းကောင်း၊ **စာမျက်နှာ ၁၅ သို့ ○**



ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးအား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



နယ်မြေခံတပ်ရင်းဌာနချုပ်အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။



ဖလမ်းမြို့ ဆူရှ်ဘုန်လေဆိပ်အား သိမ်းပိုက်ရရှိစဉ်။



ဖလမ်းမြို့ရှိ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန သူနာပြုသင်တန်းကျောင်းအား သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း ပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးကို တွေ့ရစဉ်။



အကြမ်းဖက်သောင်းကျန်းသူများ ယာယီခံစစ်စခန်း ပြုလုပ်ကာ မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည့် ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံများကို တွေ့ရစဉ်။







အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။





အကြမ်းဖက်သောင်းကျန်းသူများ ဖလမ်းမြို့ရှိ ဌာနဆိုင်ရာအဆောက်အအုံ၊ ဘာသာရေးအဆောက်အအုံများနှင့် လူနေအဆောက်အအုံများအတွင်း ဘန်ကာများပြုလုပ်၍ ယာယီခံစစ်စခန်းပြုလုပ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများကို တွေ့ရစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကိုထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

**နေပြည်တော် မေ ၂၅**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး တို့အတွက် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်ဒေသတစ်ဝိုက် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတွမ်းမြို့ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် စိုးမြတ်ထွဋ်နှင့် တာဝန်ရှိသူများ၊ အရာရှိ စစ်သည်၊



မိသားစုဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဒေသခံတိုင်း ရင်းသားပြည်သူများ ပါဝင်တက်ရောက် ဂုဏ်ပြုကြိုဆိုကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင် စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တိုင်းမှူးနှင့် တက်ရောက်လာကြသူများက အောင်သပြေခက်များ၊ အောင်ပန်းကုံးများဖြင့်လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုကြသည်။ ထို့နောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ပေးအပ်သည်။ ယင်းနောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများနှင့်အတူ ဂုဏ်ပြုနေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---

❍ စာမျက်နှာ ၁၄ မှ

နိုဝင်ဘာလ ၁၇ ရက်နေ့တွင် ပို့စ့် ၁၃၆၁ တောင်ကုန်းအား လည်းကောင်း၊ နိုဝင်ဘာလ ၂၆ ရက်နေ့တွင် ဇောင်ကောင်ကျေးရွာအား လည်းကောင်း၊ ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီလ ၂ ရက်နေ့တွင် ဇွယ်လေကျေးရွာအား လည်းကောင်း၊ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ထင်းရှူးစခန်းကျေးရွာအား လည်းကောင်း၊ မတ်လ ၃၁ ရက်နေ့တွင် ပါသဲကျေးရွာအားလည်းကောင်း၊ ဧပြီလ ၁၉ ရက်နေ့တွင် ဗားတံတားအားလည်းကောင်း၊ ဧပြီလ ၂၂ ရက်နေ့တွင် ခွန်လီကျေးရွာအား လည်းကောင်း၊ ဧပြီလ ၂၃ ရက်နေ့တွင် ပို့စ့် ၁၇၁၀ တောင်ကုန်း၊ ကြောင်ဟင်ရှာကျေးရွာနှင့် ဆွန်ဟရန်ကျေးရွာတို့အား လည်းကောင်း၊ ဧပြီလ ၂၄ ရက်နေ့ တွင် ဆူရ်ဘုန်လေဆိပ်နှင့် ဆီဇာမော် ကျေးရွာတို့အားလည်းကောင်း အသီးသီးအောင်မြင်စွာ ပြန်လည်ထိန်းချုပ်နိုင်ခဲ့ပြီး မေ ၂၅ ရက်နေ့တွင် အကြမ်းဖက်သမားများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား တပ်မတော်စစ်ကြောင်းများက အပြီးတိုင် အလုံးစုံ ပြန်လည်သိမ်းပိုက် ထိန်းချုပ်နိုင်ခဲ့သည်။

**အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့**

ထိုသို့ အောင်မြင်စွာ သိမ်းပိုက်နိုင်ခဲ့သည့်အတွက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ နေရပ်ဇာတိ အိုးအိမ်နေရာများ၌ စိတ်အေးချမ်းသာစွာ ပြန်လည်နေထိုင်လိုသည့် ဆန္ဒ၊ အကြမ်းဖက်သောင်းကျန်းသူများ၏ အသက်အန္တရာယ်ရန်ပြုမှု၊ ခြိမ်းခြောက်အကျပ်ကိုင်မှု၊ ထိတ်လန့်ကြောက်ရွံ့နေရမှုဘေးမှကင်းဝေးပြီး ၎င်းတို့၏ လူမှုစီးပွားဘဝအတွက် အေးချမ်းစွာ ရှာဖွေလုပ်ကိုင်စားသောက်လိုသည့် စိတ်ဆန္ဒများကို ဖြည့်ဆည်းပေးနိုင်ခဲ့ပြီဖြစ်သည်။

တပ်မတော်စစ်ကြောင်းများက ဖလမ်းမြို့နှင့်အဆိုပါဒေသတစ်ဝိုက်အား ပြန်လည်သိမ်းပိုက်ရရှိရေး မိမိတို့၏အသက်ကို ပဓာနမထားဘဲ ရွပ်ရွပ်ချွံချွံ အဆင့်ဆင့် ပြန်လည်တိုက်ခိုက်ထိန်းချုပ်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် တိုက်ပွဲကြီး/တိုက်ပွဲငယ် ထိတွေ့မှု စုစုပေါင်း ၁၀၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ရန်သူ့ထံမှ အလောင်း ၁၉ လောင်း၊ လက်နက်မျိုးစုံ ၃၃ လက်၊ ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ နိုင်ငံတော်နှင့် တပ်မတော်အတွက် မြင့်မြတ်စွာအသက်ပေးလှူခဲ့ရသည်။

CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များ အနေဖြင့် ဖလမ်းမြို့နှင့် ၎င်းဒေသတစ်ဝိုက်အား ယာယီစိုးမိုးထားစဉ် မြို့/ရွာများအတွင်းရှိ ဘာသာရေးဆိုင်ရာ အဆောက်အအုံများ၊ စာသင်ကျောင်းများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊ ဆေးရုံများနှင့် လူနေအိမ်များတွင် ဘန်ကာများဆောက်လုပ်ပြီး တပ်မတော်စစ်ကြောင်းများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ဒေသခံပြည်သူများ၏ အိုးအိမ်များကို ခံစစ်တံတိုင်းအဖြစ် အကာအကွယ်ရယူ၍ ပစ်ခတ်တိုက်ခိုက်ခြင်း၊ နေအိမ်များနှင့် ဈေးဆိုင်ခန်းများအားဖောက်ထွင်း၍ တန်ဖိုးကြီးပစ္စည်းများ၊ စားသောက်ကုန်နှင့် အသုံးအဆောင်ပစ္စည်းများကို အဓမ္မယူဆောင်ခြင်းများလုပ်ဆောင်ခဲ့သဖြင့် ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများ အပါအဝင် ဒေသခံတိုင်းရင်းသားများအနေဖြင့်လည်း အကြမ်းဖက်သမားများအား စက်ဆုပ်ရွံရှာမုန်းတီးခြင်းနှင့်အတူ ဆင်းရဲမှုဘေးဒုက္ခကြီးစွာဖြင့် နီးစပ်ရာမြို့ရွာများသို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဖလမ်းမြို့အတွင်းသို့ ယာယီ





CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ၏ အလောင်းများ။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများ။



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထံမှ သိမ်းပိုက်ရရှိသည့် လက်နက်ခဲယမ်းများ။

နေရပ်စွန့်ခွာနေကြရသည့် ဒေသခံတိုင်းရင်းသားပြည်သူများအား အန္တရာယ်ကင်းရှင်းစွာ ပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေး၊ အစိုးရ အုပ်ချုပ်မှုယန္တရားများ အမြန်ဆုံးလည်ပတ်နိုင်ရေးနှင့် အကြမ်းဖက်သောင်းကျန်းသူများ၏ ယုတ်မာရက်စက်စွာ လုပ်ဆောင်ခဲ့သည့် မြေမြှုပ်မိုင်းများအား ဦးစားပေးရှင်းလင်းဖော်ထုတ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများဖျက်ဆီးခဲ့သည့် စာသင်ကျောင်းများ၊ ဆေးရုံ/ ဆေးခန်းများ၊ ရုံး/ဌာနအဆောက်အအုံများ၊ ဘာသာရေးဆိုင်ရာအဆောက်အအုံများနှင့် လူနေအိမ်များအား ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ အမြန်ဆုံး ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ချင်းပြည်နယ်အတွင်း အကြမ်းဖက်သောင်းကျန်းသူများ လုံးဝကင်းစင်ပပျောက်ရေးအတွက် အကြမ်းဖက်ချေမှုန်းမှု စစ်ဆင်ရေး (Counter– Terrorism Operation)ကို ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် ဖြေရှင်းရန်အတွက် ကြိုတင်ကန့်သတ်ချက်များမထားသည့် ငြိမ်းချမ်းရေးဆွေးနွေးမှုများ ပြုလုပ်ရန် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကို ဖိတ်ခေါ်



CDF အမည်ခံအကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ထံမှ သိမ်းပိုက်ရရှိသည့် ခဲယမ်းများ။


လျက်ရှိသည်။ ထို့ကြောင့် PDF အပါအဝင် လက်နက်ကိုင်အဖွဲ့အစည်း အသီးသီးအနေဖြင့် လမ်းကြောင်းမှန်ကို လျှောက်လှမ်းနိုင်ရန် အခွင့်အရေးတစ်ခုအနေဖြင့် စဉ်းစားချိန်တန်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

# စက်သုံးဆီဖြန့်ဖြူးရောင်းချမှုနှင့်ပတ်သက်၍ ပြည်သူသို့ အသိပေးပန်ကြားချက်

အရှေ့အလယ်ပိုင်းတွင် ဖြစ်ပွားနေသောပဋိပက္ခများကြောင့် ကမ္ဘာ့ရေနံတင်ပို့မှု ငါးပုံတစ်ပုံခန့် ဖြတ်သန်းသယ်ယူပို့ဆောင်လျက်ရှိသော ဟော်မုဇ်ရေလက်ကြားပိတ်ဆို့မှုများဖြစ်ပေါ်ခဲ့ရာ ကမ္ဘာ့ရေနံစိမ်းဈေးနှုန်းများ ဆက်တိုက်မြင့်တက်ခဲ့ပြီး စက်သုံးဆီဈေးနှုန်းများလည်း လိုက်ပါမြင့်တက်သောကြောင့် အခက်အခဲများစွာကြုံတွေ့ခဲ့ကြရပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် စက်သုံးဆီမပြတ်လပ်စေရေး ပုံမှန်ညှိနှိုင်းကြီးကြပ်ဆောင်ရွက်ခဲ့သည့်အတွက် စဉ်ဆက်မပြတ်ဖြည့်တင်းနိုင်ခဲ့ပြီး စက်သုံးဆီများပုံမှန်ဖြန့်ဖြူးရောင်းချပေးနိုင်လျက်ရှိသည့်အပြင် စနစ်တကျစိစစ်သုံးစွဲနိုင်မှုကြောင့် ရက် ၆၀ စာ ဖူလုံမှုရှိသည်အထိ ဖြည့်တင်းသိုလှောင်နိုင်သည့် အခြေအနေသို့ ရောက်ရှိခဲ့ပါသည်။ ထို့အပြင် စက်သုံးဆီဖူလုံမှု အာမခံချက်ရှိစေရေးအတွက် မိတ်ဆွေနိုင်ငံများနှင့် ညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်နိုင်ခဲ့ပြီး စက်သုံးဆီအပြင် အခြားရေနံထွက်ပစ္စည်းများ တင်သွင်းနိုင်ရေးအတွက်လည်း သဘောတူညီမှုများ ရရှိထားပါသည်။




ကမ္ဘာ့စက်သုံးဆီဈေးနှုန်းများ မြင့်တက်ခဲ့သော်လည်း ပြည်တွင်းစက်သုံးဆီဈေးနှုန်းများစွာ မြင့်တက်သွားခြင်းမရှိစေရေးအတွက် နိုင်ငံတော်အစိုးရမှ ကြပ်မတ်ထိန်းကျောင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့နိုင်ငံ၏ စက်သုံးဆီဈေးနှုန်းများသည် အရှေ့တောင်အာရှနိုင်ငံများနှင့်နှိုင်းယှဉ်ပါက သင့်တင့်သည့်ဈေးနှုန်းများဖြစ်သည်ကို တွေ့ရှိရပါသည်။

**အာဆီယံနိုင်ငံများနှင့် စက်သုံးဆီဈေးနှုန်းများနှိုင်းယှဉ်ချက်**


| စဉ် | နိုင်ငံအမည် | ဓာတ်ဆီ(RON 95) | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.417 | 1684.993 |
| ၂ | Indonesia | 0.723 | 2921.462 |
| ၃ | Vietnam | 0.902 | 3644.757 |
| ၄ | Malaysia | 1.017 | 4109.443 |
| ၅ | Myanmar | 1.215 | 4909.000 |
| ၆ | Philippines | 1.465 | 5919.699 |
| ၇ | Cambodia | 1.483 | 5992.432 |
| ၈ | Thailand | 1.646 | 6651.075 |
| ၉ | Laos | 1.775 | 7172.331 |
| ၁၀ | Singapore | 2.421 | 9782.656 |

| စဉ် | နိုင်ငံအမည် | ပရီမီယံဒီဇယ်ဆီ | |
|---|---|---|---|
| | | (USD/Liter) | (MMK/Liter) |
| ၁ | Brunei | 0.244 | 985.943 |
| ၂ | Indonesia | 0.853 | 3446.760 |
| ၃ | Vietnam | 1.068 | 4315.521 |
| ၄ | Thailand | 1.265 | 5111.549 |
| ၅ | Cambodia | 1.421 | 5741.906 |
| ၆ | Malaysia | 1.511 | 6105.573 |
| ၇ | Myanmar | 1.735 | 7012.000 |
| ၈ | Philippines | 2.051 | 8287.578 |
| ၉ | Laos | 2.170 | 8768.428 |
| ၁၀ | Singapore | 3.268 | 13205.171 |

ထို့အပြင် ကုန်စည်ပို့ဆောင်ရေးယာဉ်များသုံးစွဲရန် ရိုးရိုးဒီဇယ်ဆီများတင်သွင်းရာတွင် အခွန်အခများ ကင်းလွတ်ခွင့်ပြုထားသည့်အတွက် တစ်လီတာလျှင် ၅၇၅၂ ကျပ် (1.423 USD/Liter) ဖြင့် ရောင်းချပေးနိုင်လျက်ရှိပါသည်။

ရေနံစိမ်းဈေးနှုန်းမြင့်တက်မှုနှင့် စက်သုံးဆီဈေးနှုန်းမြင့်တက်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ကုန်ကြမ်းရေနံစိမ်းဈေးမြင့်တက်မှုရာခိုင်နှုန်းနည်းပါးသော်လည်း ကုန်ချောစက်သုံးဆီဈေးနှုန်းများမှာ တစ်ဟုန်ထိုးမြင့်တက်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ပါသည်။

**ရေနံစိမ်းဈေးနှုန်းနှင့် ဓာတ်ဆီ၊ ဒီဇယ်ဈေးနှုန်း နှိုင်းယှဉ်ချက်အခြေပြဇယား**




သို့ဖြစ်ရာ ရေနံစိမ်းကိုဝယ်ယူ၍ ကိုယ်တိုင်ချက်လုပ်ဖြန့်ဖြူးနိုင်မည်ဆိုပါက ပြည်သူများအနေဖြင့် စက်သုံးဆီကိုပိုမိုချိုသာသောဈေးနှုန်းဖြင့် သုံးစွဲနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် ရေနံချက်စက်ရုံအသစ်များ တိုးချဲ့တည်ဆောက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ စက်ရုံအဟောင်းများကိုလည်း အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်လျက်ရှိနေပါသည်။

ထို့အပြင် ရေနံစိမ်းကို လုံလောက်စွာထုတ်လုပ်လာနိုင်ပါက ပြည်သူများအနေဖြင့် စက်သုံးဆီနှင့်ပတ်သက်၍ ကြောင့်ကြမှုများကင်းဝေးသွားမည်ဖြစ်ရာ နိုင်ငံတော်အစိုးရအနေဖြင့် ရေနံစိမ်းများ ပိုမိုတိုးတက်ထုတ်လုပ်နိုင်ရေးအတွက်လည်း နည်းလမ်းမျိုးစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိနေပါသည်။

နိုင်ငံတော်အစိုးရအနေဖြင့် ပြည်တွင်းထုတ်စက်သုံးဆီများကို သုံးစွဲသူပြည်သူများထံ တိုက်ရိုက်ဖြန့်ဖြူးပေးသည့်အနေဖြင့် မော်တော်ဆိုင်ကယ်များ၊ သုံးဘီးယာဉ်များနှင့် အချို့မော်တော်ယာဉ်များကို RON 68 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၂၅၂ ကျပ်ဖြင့်လည်းကောင်း၊ RON 72 ဓာတ်ဆီတစ်ဂါလန်လျှင် ၁၇၇၀၇ ကျပ်ဖြင့်လည်းကောင်း၊ တောင်သူလယ်သမားများထံသို့ ဒီဇယ်တစ်ဂါလန်လျှင် ၁၀၀၀၀ ကျပ်နှုန်းဖြင့် လည်းကောင်း လက်ဝယ်အရောက် ဖြန့်ဖြူးရောင်းချပေးလျက်ရှိပါသည်။ ဆက်လက်ရောင်းချပေးသွားရန်အတွက်လည်း စီမံထားရှိပြီးဖြစ်ပါသည်။

လက်ရှိအခြေအနေတွင် ပြည်သူများအနေဖြင့် ရင့်ကျက်နားလည်မှုရှိသည့်စိတ်၊ ကိုယ်ချင်းစာစိတ်၊ အကောင်းမြင်စိတ်များဖြင့် အကြံဉာဏ်များပေးခြင်း၊ အသိပညာဗဟုသုတများကို လူမှုကွန်ရက်များမှ မျှဝေပေးခြင်း၊ ပြည်သူလူထုထိခိုက်နစ်နာစေသည့် အပြုအမူများကို တွေ့ရှိသည်နှင့်တစ်ပြိုင်နက် Call Center များသို့ သတင်းပို့ခြင်း၊ မီဒီယာများအနေဖြင့်လည်း ပြည်သူလူထု ထင်ယောင်ထင်မှားဖြစ်စေမည့်၊ စိုးရိမ်ထိတ်လန့်မှုဖြစ်စေမည့် ခေါင်းစဉ်များဖော်ပြ၍ ရေးသားဖြန့်ဝေခြင်းမပြုမိစေရန် သတိထားဆောင်ရွက်လာခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်မှုများအား ပြုလုပ်နေကြသည့်အတွက် စက်သုံးဆီဖြန့်ဖြူးရောင်းချမှုလုပ်ငန်းစဉ်များသည် တည်ငြိမ်လာသည့်အခြေအနေသို့ ရောက်ရှိလာပြီဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် စက်သုံးဆီပြတ်လပ်မည်ကိုစိုးရိမ်၍ တန်းစီဝယ်ယူစုဆောင်းခြင်းမျိုး မပြုလုပ်ကြပါရန်နှင့် လိုအပ်သလောက်သာဝယ်ယူသုံးစွဲခြင်းဖြင့် လူတစ်ဦးချင်းစီ၏ အချိန်ကုန် လူပင်ပန်းမှုများ သက်သာစေမည်ဖြစ်သည့်အပြင် နိုင်ငံတော်၏ နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချလာနိုင်မည်ဖြစ်သည့်အတွက် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၏ မိဘပြည်သူများအကျိုးကိုရှေးရှု၍ အကောင်အထည်ဖော်ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များတွင် ပိုမို၍ပူးပေါင်းပါဝင်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## မင်းလှမြို့နယ်ရှိ ကာရာအိုကေနှင့် စားသောက်ဆိုင်များ မီးဘေးလုံခြုံရေးစစ်ဆေး



**မင်းလှ မေ ၂၅**

မကွေးတိုင်းဒေသကြီး မင်းလှမြို့နယ် မီးသတ်ဦးစီးဌာနက ကာရာအိုကေနှင့် စားသောက်ဆိုင်များမီးဘေးလုံခြုံရေးစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်စိုးလင်းနှင့် တပ်ဖွဲ့ဝင်များက မင်းလှမြို့နယ်ရှိ ကာရာအိုကေနှင့် စားသောက်ဆိုင်လုပ်ငန်းများ မီးဘေးလုံခြုံရေးနှင့် ပတ်သက်ပြီး လျှပ်စစ် ဝိုင်ယာကြိုးများ စနစ်တကျ သွယ်တန်းသုံးစွဲခြင်း ရှိ၊ မရှိ၊ အရေးပေါ် မီးငြိမ်းသတ်ရေးအတွက် ထားရှိထားသော မီးသတ်ဆေးဘူးများ ကောင်းမွန်ခြင်း ရှိ၊ မရှိ၊ ရေသိုလှောင်ထားရှိမှု အခြေအနေများ၊ အရေးပေါ်ထွက်ပေါက်များ ထားရှိခြင်း စသည့် မီးသတ်ဦးစီးဌာနက ထုတ်ပြန်ထားသော မီးဘေးလုံခြုံရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ လိုက်နာစေရေး စစ်ဆေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကိုခန့်**

## ကော့မှူးမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးအသိပညာပေး

**ကော့မှူး မေ ၂၅**

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကော့မှူးမြို့နယ် မီးသတ်ဦးစီးဌာနက ယမန်နေ့နံနက်ပိုင်းတွင် မြို့သစ်ရပ်ကွက်၌ မီးသတ်ဦးစီးဌာန၏ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်သည်။

**စစ်ဆေးအကြံပေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဒုတိယမီးသတ်ဦးစီးမှူး ဦးရဲမင်းနိုင်နှင့် သန္နေတပ်ဖွဲ့ဝင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ စာရေးဝန်ထမ်းများ၊ လျှပ်စစ်ဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင် ကာကွယ်ရေး စစ်ဆေးအကြံပေးခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေပေးခြင်းနှင့် မီးဘေးအန္တရာယ် ဖြစ်ပေါ်လာပါက အရေးပေါ် ဆက်သွယ်ရမည့် ဖုန်းနံပါတ်များ ဖြန့်ဝေခြင်း စသည့် အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ(ကော့မှူး)**



# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာ ပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းဆွေးနွေး



မုံရွာ မေ ၂၅

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာပန်းတိုင်အထွက်နှုန်းရရှိရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

**တက်ရောက်**

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေး၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးအတွင်းရှိ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌများနှင့် ပျားမွေးမြူရေးလုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နေကြာသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဝတ်မှုန်ကူးနိုင်ရန် တာဝန်ရှိသူများအနေဖြင့် နေကြာစိုက်ပျိုးရေးတောင်သူများအား ပျားမွေးမြူရေးနည်းစနစ်များကို သင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားကြရန် လိုအပ်ကြောင်း၊ မိမိတို့တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် နေကြာစိုက်တောင်သူများအားအထွက်တိုးစေရန်နှင့် စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေးကို အားပေးနေသကဲ့သို့ လိုအပ်သည့် စိုက်ပျိုးစရိတ်ချေးငွေများ၊ သွင်းအားစုများကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများ၊ ပျားမွေးမြူရေးလုပ်ငန်းရှင်များနှင့် တိုင်းဒေသကြီးဝန်ကြီးများက တိုင်းဒေသကြီးအတွင်း ဆီထွက်သီးနှံနေကြာပန်းတိုင်အထွက်နှုန်းရရှိရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ် Organic Farm စိုက်ခြံနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၀ မဂ္ဂါဝပ်) အေးသာယာစက်မှုဇုန် ကြည့်ရှုစစ်ဆေး

တောင်ကြီး မေ ၂၅

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးသည် ပြည်နယ်ဝန်ကြီးများ၊ ဗမာတိုင်းရင်းသားရေးရာဝန်ကြီး၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့်အတူ ယနေ့နံနက်၉ နာရီတွင် တောင်ကြီးမြို့ ကံကြီးရပ်ကွက်ရှိ ဦးစိုင်းရွက် စိုက်ပျိုးထားသည့် Organic Farm စိုက်ပျိုးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စိုက်ပျိုးထားသည့် ဖရုံသီး၊ တရုတ်နံနံပင်၊ ငရုပ်ပွ၊ Red Cherry Tomato Yellow Cherry Tomato၊ Cos/ Rosmaine (ဆလပ်အမျိုးအစား)၊ ပြောင်းဖူးဖြူစိုက်ခင်းနှင့် ပျိုးပင်တို့ကို လှည့်လည်ကြည့်ရှုရာ စိုက်ပျိုးရေးခြံ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် စိုက်ပျိုးရေးခြံရှိ ရှင်းလင်းဆောင်တွင် စိုက်ခြံတာဝန်ရှိသူတစ်ဦးက V-fresh by Taunggyi Farm စိုက်ပျိုးရေးထွက်ကုန်များ၊ ဖြန့်ဝေသောဈေးကွက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် တောင်ကြီးမြို့နယ် အေးသာယာစက်မှုဇုန်ရှိ နေရောင်ခြည် စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံ (၁၀ မဂ္ဂါဝပ်)တွင် ငါးမဂ္ဂါဝပ် ဆိုလာစနစ် လျှပ်စစ်ဓာတ်အားပို့လွှတ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လျှပ်စစ်ဓာတ်အားပို့လွှတ်ရာတွင် သတ်မှတ်ထားသည့် မူဝါဒအတိုင်း ဆောင်ရွက်ပေးရန်နှင့် လိုအပ်သည်များကို ဖြည့်စွက်မှာကြားပြီး သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ Control Room နှင့် ဆိုလာပြားများတပ်ဆင်ထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ ကုမ္ပဏီမှ တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြသည်။

ထို့နောက် အေးသာယာမြို့ အမှတ်(၉)ရပ်ကွက် အေးငြိမ်းသီတာလမ်း ကတ္တရာခင်းခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဝန်ကြီးချုပ်က လမ်းကို ရက် ၁၀၀ အတွင်း ဆောင်ရွက်ပေးရန်နှင့် သတ်မှတ်စံချိန်စံညွှန်းအတိုင်း အရည်အသွေးပြည့်မီပြီး ရေရှည်ခိုင်ခံ့သည့် လမ်းဖြစ်အောင် ဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ဖြည့်စွက်မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မိုင်းရယ်မြို့နယ်၌ ရက်(၁၀၀) စီမံချက်ဖြင့် VDP စီမံကိန်း မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်း ဆောင်ရွက်

မိုင်းရယ် မေ ၂၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) မိတ်ဆက်ရှင်းလင်းခြင်းနှင့် ကော်မတီဖွဲ့စည်းခြင်းကို ယနေ့နံနက်ပိုင်းတွင် လွယ်ဆိုင်ကျေးရွာနှင့် မန်ကျောင်းကျေးရွာတို့၌ ဆောင်ရွက်သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ဝင်းခိုင်ဦးက ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ပြောကြားပြီး စီမံကိန်းအကြောင်းအရာများကို မိတ်ဆက်ရှင်းလင်းသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျေးရွာပြည်သူများက အများသဘော ဆန္ဒနှင့်အညီ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ခုနစ်ဦးကို ရွေးချယ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ မီးဘေးလုံခြုံရေး တစ်အိမ်တက်ဆင်း ကွင်းဆင်းဆောင်ရွက်



ရန်ကုန် မေ ၂၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် မင်္ဂလာတောင်ညွန့်မြို့နယ် စက်ဆန်းရပ်ကွက်အတွင်း တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယမန်နေ့မွန်းလွဲပိုင်းတွင် မြို့နယ်မီးသတ်ဦးစီးဌာနက ဦးဆောင်၍ တာဝန်ရှိသူများဖြင့် ဆောင်ရွက်သည်။

**ပူးပေါင်းစစ်ဆေး**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် မီးသတ်ဦးစီးဌာနလက်ထောက် မီးသတ်ဦးစီးမှူး ဦးစနိုင်ရဲထက် ဦးဆောင်ပြီး သန္တေမီးသတ်တပ်ဖွဲ့ဝင် လေးဦး၊ အရန်မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးတို့က ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ပူးပေါင်းကာ တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ မီးသတ်တပ်ဖွဲ့အရေးပေါ် ဖုန်းနံပါတ်များ ဖြန့်ဝေခြင်းနှင့် 191 Report Application အသုံးပြုပုံတို့ကို ပူးပေါင်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြတ်မြတ်အေး(ပြန်/ဆက်)**

# ကျိုက်မရောမြို့နယ်၌ သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ ပညာပေးဟောပြော

ကျိုက်မရော မေ ၂၅

မော်လမြိုင်ခရိုင် ကျိုက်မရောမြို့နယ် သစ်တောဦးစီးဌာနက သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေးဆိုင်ရာ အသိပညာပေးဟောပြောပွဲကို မေ ၂၃ ရက် နံနက်ပိုင်းတွင် ပိန်းနဲကုန်းကျေးရွာ သာသနာ့ဟိတဘုန်းကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။



ဦးစွာ ကျိုက်မရောမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးမိုးသန့်ဇင်က သစ်တောထိန်းသိမ်းရေး၊ တောမီးကာကွယ်ရေးနှင့် မီးခိုးမြူငွေ့အန္တရာယ် ခေါင်းစဉ်ဖြင့် အသိပညာပေးဟောပြောပြီး တောအုပ်ကြီး ဦးထွဋ်ခေါင်ကျော်က Fire Hotspot ဖြစ်ပွားမှုလျှော့ချရေးနှင့် မီးခိုးမြူငွေ့လျှော့ချရေး ခေါင်းစဉ်ဖြင့် ဟောပြောခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများနှင့် တွေ့ဆုံ



ပုသိမ် ဧပြီ ၂၅

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ (၁)တွင် ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများ တွေ့ဆုံပွဲကို ကျင်းပရာ အခမ်းအနားသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန တိုင်းဒေသကြီး ရေနံထွက်ပစ္စည်း ကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးတို့က စက်သုံးဆီဖြန့်ဖြူးခြင်းရေး၊ စက်သုံးဆီပြတ်လပ်မှု မရှိစေရေး၊ စိုက်ပျိုးရေးတိုင်းဒေသကြီးဖြစ်သည့်အတွက် တောင်သူများ စက်သုံးဆီလုံလောက်စွာ ရရှိရေး၊ ဈေးနှုန်းတည်ငြိမ်စွာဖြင့် ပြည်သူများ စက်သုံးဆီဝယ်ယူရရှိရေး၊ စက်သုံးဆီအရောင်းဆိုင်များတွင် QR Code၊ Bar Code၊ စုံ/မ စနစ်များဖြင့် စက်သုံးဆီ ဖြန့်ဖြူးရောင်းချမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအုပ်ချုပ်ရေးမှူးက နိုင်ငံတော်၏ မူဝါဒများနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါ ပြည်သူ့ဆန္ဒနှင့်အညီ ရွေးချယ်ခံရသည့် ရွေးကောက်ခံကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် ညှိနှိုင်းပေါင်းစပ်၍ ဒေသဖွံ့ဖြိုးရေးကိစ္စများ ပူးပေါင်းဆောင်ရွက်သွားနိုင်ရေး၊ ဒေသအကျိုးပြုလုပ်ငန်းများနှင့် ပြည်သူ့အကျိုးစီးပွားလုပ်ငန်းများဖော်ဆောင်နိုင်ရေး၊ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရေး ကိစ္စရပ်များကို ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးမှူးများအား ရှင်းလင်းပြောကြားပြီး ခရိုင်အုပ်ချုပ်ရေးမှူးများ၏ အထွေထွေဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ် ရဲတပ်ဖွဲ့မှ ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန် တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ်၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်နိုင်ဦး ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက ရက်(၁၀၀)စီမံချက်ကို ကြိုဆိုသောအားဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် အမှတ်(၂၇) ရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းတွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့သည်။



ထိုသို့ ဆောင်ရွက်ရာတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းနိုင်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်ဦးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ကျောင်းတွင်း/ကျောင်းပြင်အမှိုက်များ ရှင်းလင်းခြင်း၊ မြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်ရေးအတွက် ရေမြောင်းများတူးဖော်ခြင်းများကို ပူးပေါင်းဆောင်ရွက်ကြသည်။ **နေမျိုးထွန်း(ပြန်/ဆက်)**

# ရက် (၁၀၀)စီမံချက်ဖြင့် ပိန်းဇလုပ်မြို့၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ပိန်းဇလုပ် ဧပြီ ၂၅

ပဲခူး တိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးက ကြီးမှူး၍ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ခြင်းနှင့် Unique ID နံပါတ်ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက ပိန်းဇလုပ်မြို့ မြို့မ (၁) ရပ်ကွက်ရှိ ကင်မွန်းခြံ အခြေခံပညာအလယ်တန်း ကျောင်းခွဲအတွင်း၌ ဆောင်ရွက်သည်။



ယင်းသို့ ဆောင်ရွက်ရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ညောင်လေးပင်မြို့နယ် ဦးစီးမှူး ဦးဇော်ထွန်းအောင်၊ လဝကမှူး ဦးရဲနိုင်နှင့် ဝန်ထမ်းများ၊ မြို့မ(၁)ရပ်ကွက် အုပ်ချုပ်ရေးမှူးနှင့် ရပ်/ကျေးစာရေးများက အသက် (၁၀) နှစ်နှင့် (၁၈) နှစ် ပြည့်ပြီးသူများအား နိုင်ငံသား စိစစ်ရေးကတ်နှင့် Unique ID နံပါတ်ပြုလုပ်လိုသည့် ကျောင်းသား ကျောင်းသူများ၊ ဒေသနေပြည်သူ စုစုပေါင်း ၇၈ ဦးအား လုပ်ထုံးလုပ်နည်းများနှင့်အညီ ကွင်းဆင်း ဆောင်ရွက်ပေးခဲ့သည်။ **ပိန်းဇလုပ် -သိန်းညွန့်**

**✻ ရန်ကုန်မှ**

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၅)အဆန် | ရန်ကုန် | မန္တလေး | ၀၆:၀၀ | ၁၆:၀၀ | (၁၀)နာရီ |
| ၂ | အမှတ်(၆)အစုန် | မန္တလေး | ရန်ကုန် | ၀၆:၀၀ | ၁၆:၁၀ | (၁၀)နာရီ(၁၀)မိနစ် |

ရန်ကုန်-မန္တလေး-ရန်ကုန်ခရီးစဉ်တစ်လျှောက် ရပ်တန့်ဘူတာများမှာ တိုးကြောင်ကလေး၊ ပဲခူး၊ ညောင်လေးပင်၊ တောင်ငူ၊ ပျဉ်းမနား၊ နေပြည်တော်၊ ရမည်းသင်း၊ သာစည်၊ ကျောက်ဆည်ဘူတာတို့ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ အထက်တန်းငွေကျပ် ၄၈၀၀၀ နှင့် ပထမတန်းငွေကျပ် ၃၄၀၀၀ တို့ဖြစ်သည်။

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ် (၃၁) အဆန်/ အမှတ် (၃၂) အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဒိုက်ဦး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၃၁)အဆန် | ရန်ကုန် | နေပြည်တော် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |
| ၂ | အမှတ်(၃၂)အစုန် | နေပြည်တော် | ရန်ကုန် | ၁၀:၀၀ | ၁၅:၀၀ | (၅)နာရီ |

ရန်ကုန် - နေပြည်တော် - ရန်ကုန် ခရီးစဉ်တစ်လျှောက် အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား အောက်ပါအချိန်ဇယားအတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ လမ်းခရီး၌ တိုးကြောင်ကလေး၊ ပဲခူး၊ ဖြူး၊ တောင်ငူ၊ ပျဉ်းမနားဘူတာတို့၌ ရပ်တန့်ပေးသွားမည်ဖြစ်ပြီး လက်မှတ်ခနှုန်းထားမှာ ယခင်အတိုင်းဖြစ်သည်။

| စဉ် | ရထားအမှတ် | ခရီးစဉ် | | ထွက်ခွာ/ဆိုက်ရောက်ချိန် | | စုစုပေါင်း ကြာမြင့်ချိန် |
|---|---|---|---|---|---|---|
| | | မှ | သို့ | ထွက်ချိန် | ရောက်ချိန် | |
| ၁ | အမှတ်(၇)အဆန် | ရန်ကုန် | နေပြည်တော် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |
| ၂ | အမှတ်(၈)အစုန် | နေပြည်တော် | ရန်ကုန် | ၁၂:၃၀ | ၁၇:၃၀ | (၅)နာရီ |

ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင်ပြေးဆွဲမည့် အမှတ်(၅)အဆန်/ အမှတ်(၆)အစုန် DEMU လူစီးအမြန်ရထားများနှင့် ရန်ကုန်-နေပြည်တော်-ရန်ကုန်ခရီးစဉ်တွင်ပြေးဆွဲနေသော အမှတ်(၃၁) အဆန်/ အမှတ်(၃၂)အစုန်၊ အမှတ်(၇)အဆန်/ အမှတ်(၈)အစုန် လေအေးပေးစက်ပါ DEMU လူစီးအမြန်ရထားများ၏ ထိုင်ခုံလက်မှတ်များအား online Railways Ticketing and payment (ORTP) System ဖြင့် ဝယ်ယူနိုင်မည်ဖြစ်ကြောင်းနှင့် ရထားစီးနင်းမှုများပြားလာသည်နှင့်အမျှ ရထားစီးခရီးသွားပြည်သူများ အဆင်ပြေစွာသွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားအနေဖြင့် ရထားခရီးစဉ်များတိုးချဲ့ပြေးဆွဲပေးခြင်း၊ ရထားတွဲများ ထပ်မံချိတ်ဆက်ပြေးဆွဲခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# အုတ်တွင်းမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များနှင့်UIDကောက်ယူမှတ်ပုံတင်ခြင်းလုပ်ငန်း ဆောင်ရွက်ပေးလျက်ရှိ

အုတ်တွင်း ဧပြီ ၂၅

ပဲခူးတိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်အထက် ပြည်သူများအား အစိုးရသစ် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် UIDကောက်ယူမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဧပြီ ၂၀ ရက်မှစတင်၍ ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အုတ်တွင်းမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးနေဉ်ဟိန်းနှင့် ဝန်ထမ်းများက အသက်(၁၀)နှစ်အထက် ပြည်သူများအား အစိုးရသစ် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးခြင်းနှင့် UID ကောက်ယူမှတ်ပုံတင်ခြင်းလုပ်ငန်းကို စနစ်တကျ ဆောင်ရွက်ပေးလျက်ရှိရာ အုတ်တွင်းမြို့နယ်အတွင်းရှိ အသက် (၁၀) နှစ်အထက် ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးခြင်းနှင့် UID ကောက်ယူမှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

# အာဆီယံဒေသတွင်း အခွင့်အလမ်းများနှင့် ဗဟုသုတများရရှိနိုင်မည့် Foundation Course in ASEAN Studies သင်တန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၅

အာဆီယံဆိုင်ရာ အကြောင်းအရာများကို သင်ကြားပေးသွားမည့် Foundation Course in ASEAN Studies သင်တန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း မေ ၂၄ ရက်က UMFCCI တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှ သိရသည်။




အခမ်းအနားတွင် သင်တန်းပို့ချဆွေးနွေးမည့် ဆရာ ဆရာမများဖြစ်သည့် ဒေါက်တာတင်မောင်မောင်အုန်း၊ ဦးကျော်ဒေဝနှင့် ဒေါ်ခိုင်ဆုရည်ဇော်တို့က ပို့ချမည့်သင်ခန်းစာအကြောင်းအရာများနှင့် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များအကြောင်းကို ဆွေးနွေးပြောကြားသည်။

အာဆီယံဒေသတွင်းဆိုင်ရာ သတင်းအချက်အလက်များ၊ ပထဝီဝင်ရေးရာ၊ နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု စသည့်အကြောင်းအရာများကို သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းကို Southeast Asia and the Pacific (SEAP) STUDIES CENTRE – MYANMAR က ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်သည်။ သင်တန်းကို ဇွန် ၆ ရက်တွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ဝန်ကြီးများရုံး၌ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ပြီး သင်တန်းတက်ရောက်လိုသူများအနေဖြင့် SEAP STUDIES CENTRE – MYANMAR လူမှုကွန်ရက်စာမျက်နှာ၏ Google Form မှတစ်ဆင့် စာရင်းပေးသွင်းတက်ရောက်နိုင်သည်။ သင်တန်းကာလမှာ အပတ်စဉ် စနေနှင့် တနင်္ဂနွေတွင် ညနေ ၃ နာရီမှ ၅ နာရီအထိ ဝန်ကြီးများရုံး၌ ဖွင့်လှစ်သင်ကြားပြီး ရက်သတ္တပါးပတ်ကြာမြင့်မည်ဖြစ်သည်။

သင်တန်းတွင် Module စုစုပေါင်း ကိုးခုသင်ကြားမည်ဖြစ်ပြီး "ASEAN and Myanmar: Opportunities and Challenges" အပါအဝင် အာဆီယံနှင့်ပတ်သက်သောအသိပညာနှင့် Networking များ ရရှိနိုင်မည်ဖြစ်သည်။

သင်တန်းတက်ရောက်ရန် အရည်အချင်းသတ်မှတ်ချက်အနေဖြင့် မည်သည့်ဘာသာရပ်ဖြင့်မဆို ဘွဲ့ရရှိထားသူများ (BA, MA) သို့မဟုတ် အနည်းဆုံး ဒီပလိုမာတစ်ခုခုရရှိထားသူများ တက်ရောက်နိုင်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံများနှင့်စီးပွားရေး ချိတ်ဆက်ဆောင်ရွက်လိုသည့် လုပ်ငန်းရှင်များ၊ ဒေသတွင်းအခြေအနေများကို စိတ်ပါဝင်စားသူများအတွက် ရည်ရွယ်ပြီး အသက်ကန့်သတ်ချက်မရှိဘဲ လွတ်လပ်စွာ တက်ရောက်ခွင့်ပြုထားသည်။

မျိုးမင်းသူရ



## စဉ့်ကူးမြို့ သမိုင်းဝင်ရွှေမုဋ္ဌောဘုရား၌ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ကျင်းပ

စဉ့်ကူး မေ ၂၅

မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့တွင် အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁) ရပ်ကွက်ရှိ ရွှေမုဋ္ဌောဘုရားဓမ္မာရုံ၌ စတင်ကျင်းပသည်။

ဦးစွာ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးကြီး ကျော်စွာဝင်းခိုင်နှင့် တာဝန်ရှိသူများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများက အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဖွင့်လှစ်သည်။

ထို့နောက် စံကျောင်းဆရာတော်က အဘိဓမ္မာဒေသနာတော်ရွတ်ဖတ်ပူဇော်နိုင်ရန် တိုက်တွန်းနှိုးဆော်လွှာဂါထာကို ရွတ်ဖတ်ပူဇော်၍ ဆရာတော်၊ သံဃာတော်များ၊ ပရိသတ်များက ပဋ္ဌာန်းပစ္စယုဒ္ဒေသကို သုံးကြိမ်တိုင်တိုင် သံပြိုင်ရွတ်ဆိုကာ အလှည့်ကျဆရာတော်က ပဋ္ဌာန်းဒေသနာတော်ကို စတင်ရွတ်ဖတ်ပူဇော်သည်။

အဆိုပါ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို မေ ၂၅ ရက်မှ ၂၉ ရက်အထိ ငါးရက်တိုင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

တင်ဇာလွင်(ပြန်/ဆက်)

## ရေချွေတာရေးနည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်းဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

## ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြုလုပ်ပေးခြင်းကို ယနေ့နံနက် ၉ နာရီတွင် အမှတ်(၁)ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးနှင့် အမှတ်(၁၂)ရပ်ကွက်ဓမ္မာရုံတို့တွင် ပြုလုပ်သည်။



### ဆောင်ရွက်

မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးသန့်ဇော်၏ ကြီးကြပ်မှုဖြင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဝင်းထွန်း ဦးဆောင်သည့်အဖွဲ့က ရပ်ကွက်အတွင်းရှိ အသက်(၁၀)နှစ်ပြည့်ပြီးသူများအား နိုင်ငံသားစိစစ်ရေးကတ်များကို ဆောင်ရွက်ပေးခြင်းနှင့် UID ထုတ်ပေးခြင်းတို့ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

အေးမဥ္ဇူ

## ကွမ်းခြံကုန်းမြို့နယ်၌ တစ်အိမ်တက်ဆင်း မီးဘေးအသိပညာပေးဆောင်ရွက်



ကွမ်းခြံကုန်း မေ ၂၅

နှစ်(၈၀)ပြည့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွမ်းခြံကုန်းမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့နယ် ကမာပါကျေးရွာ၌ တစ်အိမ်တက်ဆင်း မီးဘေးအသိပညာပေးကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့စစ်ဆေးဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်မျိုးထွန်းနှင့် သန္ဓေတပ်ဖွဲ့ဝင်များ၊ လျှပ်စစ်ဌာနမှ ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များပူးပေါင်း၍ မီးဘေးကြိုတင်ကာကွယ်ရေးစစ်ဆေးအကြံပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် မီးဘေးအန္တရာယ်ဖြစ်ပေါ်လာပါက အရေးပေါ်ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆွေနွယ်(ပြန်/ဆက်)

## ပုသိမ်ကြီးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ် ဆောင်ရွက်ပေး

ပုသိမ်ကြီး မေ ၂၅

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံခရိုင် ပုသိမ်ကြီးမြို့နယ်ရုံးမှ ရက် (၁၀၀) စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ခြင်းနှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက် ၉ နာရီတွင် ရေထွက်ကျေးရွာအုပ်စု၌ ဆောင်ရွက်ပေးသည်။

### နေ့ချင်းပြီးဆောင်ရွက်

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ မန္တလေးတိုင်းဒေသကြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဆွေသန်း၊ တိုင်းဒေသကြီး လ.ဝ.က ညွှန်ကြားရေးမှူး ဦးစိုးလွင်နှင့် တာဝန်ရှိသူများ တက်ရောက်၍ ပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ် ၁၁၂ ကတ်နှင့် Biometric ကောက်ယူခြင်းလုပ်ငန်းများကို နေ့ချင်းပြီးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ဇာနည်ကိုကို(ပြန်/ဆက်)

# သမဝါယမကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာ ရေးဆွဲရန်နှင့် ရက်(၁၀၀)စီမံချက်များ အကောင်အထည်ဖော်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး



နေပြည်တော် ဧပြီ ၂၅

သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး မဟာဗျူဟာရေးဆွဲရန်နှင့် ဆောင်ရွက်ဆဲ ရက်(၁၀၀)စီမံချက်အပေါ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ အပေါ် ကြီးကြပ်ဆောင်ရွက်ခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၂၄ ရက်နှင့် ၂၅ ရက်တို့တွင် သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အဆိုပါ အစည်းအဝေးသို့ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် တိုင်းဒေသကြီး/ပြည်နယ်သမဝါယမ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ တက်ရောက်ခဲ့သည်။

အစည်းအဝေးတွင် ညွှန်ကြားရေးမှူးချုပ်က သမဝါယမစနစ်ဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ဧကများ တိုးချဲ့စိုက်ပျိုးရေး၊ ထုတ်လုပ်သူ တောင်သူများ တိုးပွားလာစေရန် လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်း ဆောင်ရွက်ချက်များ အပေါ် ပြန်လည်သုံးသပ်ပြီး မဟာဗျူဟာအသစ်ကို အမြန်ဆုံးရေးဆွဲ အကောင်အထည်ဖော်ရန်၊ Work Plan များ ရေးဆွဲရေးနှင့် လက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရက်(၁၀၀)စီမံချက်အပေါ် လုပ်ငန်းပြီးမြောက်မှု အခြေအနေ၊ နွေစပါး စိုက်ပျိုးပြီးစီးမှုအခြေအနေ၊ မိုးစပါး စိုက်ပျိုးဆောင်ရွက်မည့် အခြေအနေနှင့် ဝါစိုက်ပျိုးထုတ်လုပ်မှုတို့ကို ပန်းတိုင်လျာထားချက် ပြည့်မီစေရေးအတွက် လိုအပ်သည့် မျိုး၊ သွင်းအားစုများ ပေးအပ်နိုင်ရေး၊ ထွန်ယက်စိုက်ပျိုးရန်အတွက် ကုမ္ပဏီများ၊ စက်မှုလယ်ယာဌာနနှင့် ပူးပေါင်း၍ ထွန်ယက်စိုက်ပျိုး ရိတ်သိမ်းနိုင်ရေးနှင့် MSME လုပ်ငန်းများကိုလည်း စနစ်တကျ တိုးတက်လာစေရန်၊ တည်ဆောက်ဆဲဖြစ်သော ဆန်စက်၊ ဝါစေ့ ဆီစက်၊ ဝါကြိတ်စက်များ သတ်မှတ်ချိန်အလိုက် ပြီးစီးနိုင်ရေး၊ စနစ်တကျသိုလှောင်ထိန်းသိမ်းနိုင်ရေး၊ ဈေးကွက်ချိတ်ဆက်ရရှိနိုင်ရေး၊ မွေးမြူရေးကဏ္ဍအတွက် သမဝါယမအသင်းပိုင်၊ အသင်းသားပိုင် ငွေများဖြင့် တိုးချဲ့မွေးမြူဆောင်ရွက်နိုင်ရေး၊ သဘာဝမြေသြဇာများဖြည့်စွက်အသုံးပြုနိုင်ရေး ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့၏ လစဉ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့မွန်းလွဲပိုင်းက ပုဇွန်တောင်မြို့နယ်တိုင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယက ဒေါ်နှင်းနှင်းအေးက မိတ်ဆက်စကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ ခရိုင် ၁၄ ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများက မိတ်ဆက်စကားများ ပြောကြားခဲ့သည်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နှင်းဇာခြည်ဦးက လုပ်ငန်းဆိုင်ရာအညွှန်းကိန်းများအား ရှင်းလင်းတင်ပြ၍ ဒုတိယသုံးလပတ်ကာလအတွင်း ခရိုင်အလိုက် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များ ချမှတ်ပေးခဲ့သည်။ တက်ရောက်လာသူများက ပြန်လည်ဆွေးနွေးတင်ပြခဲ့ကြပြီး ရန်ကုန်တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ နာယကက လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**ဟန်စုယဉ်**

# မင်္ဂလာဒုံမြို့နယ်၌ ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်စေရန် ဝင်ငွေတိုးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်



ရန်ကုန် ဧပြီ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစု ဝင်ငွေတိုးရေး စီမံကိန်းလုပ်ငန်းများ အနက်မှ ရက်(၁၀၀)အတွင်း လုပ်ငန်းရှင် ၁၀၀ ပေါ်ပေါက်လာစေရေး စီမံချက်များမှ တစ်ခုအပါအဝင်အဖြစ် ဆောင်ရွက်သည့် မော်တော်ဆိုင်ကယ် ပြုပြင်ထိန်းသိမ်းနည်းပညာ သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပတ္တမြားမြို့သစ်ရပ်ကွက် အုပ်ချုပ်ရေးမှူး၊ စီမံကိန်းကော်မတီဝင်များ၊ သင်တန်းနည်းပြများ၊ ရပ်မိရပ်ဖများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဦးစီးမှူးက အမှာစကား ပြောကြားသည်။

ယခုဖွင့်လှစ်သော ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းပညာ သင်တန်းတွင် သင်တန်းသား ၁၅ဦးအား ဆိုင်ကယ်ပြုပြင် ထိန်းသိမ်းနည်းပညာရပ်များကို ကိုယ်ပိုင်လုပ်ငန်း ထူထောင်နိုင်သည်အထိ ဧပြီ ၂၄ ရက်မှ ဇွန် ၁၃ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ပြီး အမှန်တကယ် လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသား ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ပြီး ဒေသဖွံ့ဖြိုးရေး လုပ်ငန်းသုံးပစ္စည်းများ ပံ့ပိုးပေး၍ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ရက်(၁၀၀)အတွင်း လုပ်ငန်း ထူထောင်နိုင်ရန် ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# မင်္ဂလာဒုံမြို့နယ်၌ ကျွဲ၊ နွားများ ကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းများ ဆောင်ရွက်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် ပြည်သူ့အစိုးရသစ်၏ ရက်(၁၀၀) စီမံချက် အစီအစဉ်ဖြင့် တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ဆေး ထိုးနှံခြင်းလုပ်ငန်းကို ယမန်နေ့က ပေါင်းငူကျေးရွာ၌ ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာနေခြည်နွေးနှင့် ဝန်ထမ်းများက ကျွဲ၊ နွားများ လည်ချောင်းကွဲရောဂါကာကွယ်ဆေးထိုးနှံပေးခဲ့ကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူးက မွေးမြူတောင်သူများအား ကာကွယ်ဆေးထိုးနှံခြင်း၏ အကျိုးကျေးဇူးများကို ရှင်းလင်းဟောပြောပြီး ဝန်ထမ်းများက အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ရဲရင့်သိန်းထွန်း**

# အင်းစိန်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ AI နည်းပညာနှင့် စာကြည့်တိုက်ပညာ ဆင့်ပွားသင်တန်းဖွင့်

ရန်ကုန် ဧပြီ ၂၅

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ AI နည်းပညာနှင့် စာကြည့်တိုက်ပညာဆင့်ပွားသင်တန်း ဖွင့်ပွဲအခမ်းအနားကို လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီအဖွဲ့ဝင် ဦးဘိုကြည်(ဒေါက်တာဗိုလ်သံမဏိ-တောင်တွင်းကြီး)က အမှာစကားပြောကြားသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူးဒေါ်မေသန္တာက သင်တန်းဖွင့်လှစ်သင်ကြားမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ကြပြီး ဧပြီ ၂၃ ရက်မှ ၂၄ ရက်အထိ သင်ကြားပေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**





# ဘားအံမြို့နယ်၌ အမျိုးသမီးဝင်ငွေတိုးတက်စေရေး စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်

ဘားအံ ဧပြီ ၂၅

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကရင်ပြည်နယ် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အတွင်း အမျိုးသမီးများ ဝင်ငွေတိုးတက်စေရေး စီမံကိန်းဖြင့် စက်ချုပ်နည်းပညာသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ဘားအံမြို့နယ် မိန်းမလှကျွန်းကျေးရွာ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်ဦးစီးမှူးက အမှာစကားပြောကြားသည်။ ဆက်လက်၍ စီမံကိန်းကော်မတီဝင်တစ်ဦးက သင်တန်းသုံးကုန်ကြမ်းပစ္စည်းများ ပေးအပ်ပြီး သင်တန်းသူများကိုယ်စား သင်တန်းသူတစ်ဦးက လက်ခံရယူခဲ့သည်။

ယခုဖွင့်လှစ်သော စက်ချုပ်နည်းပညာသင်တန်းတွင် သင်တန်းသူ ၁၀ ဦးအား အမျိုးသမီးအင်္ကျီချုပ်နည်းအမျိုးမျိုး၊ အမျိုးသားဝတ်အင်္ကျီချုပ်နည်းအမျိုးမျိုး၊ ချိတ်စကတ်ချုပ်နည်းနှင့် ကလေးဝတ်အင်္ကျီ၊ ဘောင်းဘီချုပ်နည်းတို့ကို ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်သည်အထိ ဧပြီ ၂၅ ရက်မှ မေ ၂၅ ရက်အထိ အခြေခံသင်တန်းကို လည်းကောင်း၊ ဇွန် ၁ ရက်မှ ၁၅ ရက်အထိ မွမ်းမံသင်တန်းကို လည်းကောင်း စာတွေ့၊ လက်တွေ့ဖြင့် သင်ကြားပေးမည်ဖြစ်ကာ အမှန်တကယ်လုပ်ငန်းထူထောင်မည့် ထူးချွန်သင်တန်းသူ ငါးဦးအား သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်၍ လုပ်ငန်းသုံးပစ္စည်းများ သုံးစွဲခွင့်ပေးသွားမည်ဖြစ်ပြီး ရက်(၁၀၀)အတွင်း ကိုယ်ပိုင်လုပ်ငန်းထူထောင်နိုင်ရန် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ဇလွန်မြို့၌ သစ်စိမ်းမြေသြဇာ(ပိုက်ဆံလျှော်)ကြဲပက်ပွဲနှင့် နွေစပါးစံကွက်ရိတ်သိမ်းပွဲ ကျင်းပ



ဇလွန် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်တွင် သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ကြဲပက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကော့ကပ်ကလေးကျေးရွာ တောင်သူ ဦးခင်လှ၏လယ်မြေ လေးဧကနှင့် နွေစပါးစံကွက်ရိတ်သိမ်းပွဲကို ကော့ကပ်ကြီးကျေးရွာ တောင်သူ ဦးကောင်းဇော်ဦး၏ လယ်မြေ ကိုးဧကတို့၌ ကျင်းပသည်။

တောင်သူဦးခင်လှ၏ လယ်မြေ လေးဧက၌ သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်)ကြဲပက်ပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးနိုင်ကျော်စိုးက တောင်သူများနှင့်တွေ့ဆုံ၍ ပိုက်ဆံလျှော် မြေခံထည့်သွင်းခြင်းဖြင့် သွင်းအားစုဓာတ်မြေသြဇာ လျှော့ချသုံးစွဲနိုင်သဖြင့် ကုန်ကျစရိတ် သက်သာပြီး အထွက်နှုန်းပိုမိုရရှိကာ တောင်သူဝင်ငွေ တိုးပွားစေမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး သစ်စိမ်းမြေသြဇာ (ပိုက်ဆံလျှော်) ကြဲပက်ခဲ့ကြသည်။

ယင်းနောက် ကော့ကပ်ကြီးကျေးရွာတောင်သူ ဦးကောင်းဇော်ဦး၏ လယ်မြေ ကိုးဧက၌ GW-11 နွေစပါးစံကွက်ရိတ်သိမ်းရာ တစ်ဧကလျှင် အခြောက် ၁၃၉ တင်း ထွက်ရှိခဲ့ပြီး အဆိုပါအခမ်းအနားသို့ ဟင်္သာတခရိုင် စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်လှကြည်နှင့်အဖွဲ့များ၊ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဇလွန်(ပြန်/ဆက်)



## မြန်အောင်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

မြန်အောင် မေ ၂၅

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ကွဲ့တဲကုန်းကျေးရွာအုပ်စု သဲကုန်းကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းတွင် ပြည်သူ့အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များနှင့် Unique ID နံပါတ်မရှိသူများ ထုတ်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်သည်။

**ကွင်းဆင်းဆောင်ရွက်**

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သန္တာဦး၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးနေမင်းထွန်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်မောင်မြင့်တို့က အသက်(၁၈) နှစ်ပြည့် လဲလှယ်ပေးခြင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပျောက်/ပျက်နေသူများနှင့် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်လိုသည့် (၁၀)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် အသစ်ပြုလုပ်ပေးခဲ့ပြီး ဇီဝဆိုင်ရာအချက်အလက်ကောက်ယူခြင်း၊ Unique ID နံပါတ်များ ထုတ်ပေးခြင်းတို့ကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ကွဲ့တဲကုန်းအုပ်စုရှိ ကျေးရွာ ၁၁ ရွာ မှ ဒေသခံပြည် ၄၈၅ ဦး စာရင်းပေးသွင်းထားရှိကြောင်း သိရသည်။

ရောဦးသာ

## တောင်ကြီးမြို့နယ်၌ တိရစ္ဆာန်ကူးစက်ရောဂါကာကွယ်ရေး ရက်(၁၀၀)ကာကွယ်ဆေးထိုးစီမံချက် ကွင်းဆင်းဆောင်ရွက်

တောင်ကြီး မေ ၂၅

ရှမ်းပြည်နယ် တောင်ကြီးခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါက်တာနီနီဝင်း၊ တောင်ကြီးမြို့နယ် ကြီးကြပ်ရေးအဖွဲ့တို့သည် ယနေ့တွင် တောင်ကြီးမြို့နယ်တောင်လေးလုံးကျေးရွာအုပ်စု တောင်လေးလုံးရွာလယ်ခန်းမ၌ ကျေးရွာအုပ်စုအတွင်းရှိ တစ်ပိုင်တစ်နိုင် စီးပွားဖြစ် မွေးမြူသူ ၄၆ ဦးနှင့် တွေ့ဆုံသည်။



ထိုသို့ တွေ့ဆုံရာတွင် မြို့နယ်ဦးစီးမှူး ဒေါက်တာအောင်မင်းထွန်းက ရက်(၁၀၀) ကာကွယ်ဆေးထိုးမည့်စီမံချက်အား ရှင်းလင်းဆွေးနွေးပြီး ခရိုင်ဦးစီးမှူး ဒေါက်တာနီနီဝင်းက မွေးမြူရေးခြံသုံး ရောဂါပိုးသတ်ဆေးများကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံသို့ ပေးအပ်သည်။

တောင်ကြီးမြို့နယ် တိရစ္ဆာန်ကျန်းမာရေး စောင့်ရှောက်ရန် မြေပြင် ကွင်းဆင်းမှုအဖွဲ့သည် မြေပြင်တစ်ပိုင်တစ်နိုင်နှင့် စီးပွားဖြစ် မွေးမြူထားရှိမှုစာရင်းကောက်ယူခြင်း၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်များအား လိုအပ်သည့် ကူးစက်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ ရောဂါစူးစမ်း ထောက်လှမ်းခြင်း၊ သာမန်နာမကျန်းတိရစ္ဆာန်များပေးခြင်း၊ အုပ်စုလိုက် ကွင်းဆင်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများ စာရင်းပြုစု၊ စစ်ဆေးခြင်းနှင့် ဆန်းစစ်ခြင်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## တွံတေးမြို့နယ်၌ မီးဘေးကြိုတင်ကာကွယ်ရေး အသိပညာပေး

တွံတေး မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် မီးသတ်ဦးစီးဌာနက ကွမ်းခြံရပ်ကွက်အတွင်းရှိ အများပြည်သူတို့၏ နေအိမ်များသို့ တစ်အိမ်တက်ဆင်း အသိပညာပေးဆောင်ရွက်ခြင်းလုပ်ငန်းကို ယမန်နေ့နံနက်ပိုင်းက ရပ်ကွက်များအတွင်း လှည့်လည်စစ်ဆေး အသိပညာပေးခြင်းများ ဆောင်ရွက်သည်။

**ဖြန့်ဝေ**

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာနမှ လက်ထောက်မီးသတ်ဦးစီးမှူး ဦးစီး၍ သန္နေမီးသတ်တပ်ဖွဲ့ဝင်များ အရန်မီးသတ်တပ်ဖွဲ့ဝင်များက ရပ်ကွက်အတွင်းရှိနေအိမ်များအား တစ်အိမ်တက်ဆင်း လိုက်လံ၍ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ဆောင်ရန်/ရှောင်ရန်များကို အသိပညာပေးဆောင်ရွက်ခဲ့ပြီး မီးလောင်မီးလန့်မှုများဖြစ်ပွားလာပါက အရေးပေါ် မီးသတ်ဖုန်းနံပါတ်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

မျိုးလှိုင်(တွံတေး)



## အိမ်မဲမြို့၌ မီးဘေးလုံခြုံရေး စစ်ဆေး



အိမ်မဲ မေ ၂၅

အိမ်မဲမြို့အတွင်း အိမ်မဲကြီးပိုင်းရပ်ကွက်ရှိ အိမ်မဲမြို့မဈေးအား မီးလောင်မှုကြောင့်ပျက်စီးဆုံးရှုံးမှုမဖြစ်ပေါ်စေရေး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဦးစီးအရာရှိ ဦးဝေလင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်လျှပ်စစ်ဌာနမှ ဦးမိုးအောင်၊ အိမ်မဲမြို့နယ် မီးသတ်စခန်းမှ ဒုတိယမီးသတ်ဦးစီးမှူး ဦးတင်မျိုးဝင်း ခေါင်းဆောင်ပြီး သန္နေမီးသတ်တပ်ဖွဲ့ဝင်များဖြင့် မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်ထားရှိရမည့် ရေးဦးမီးငြိမ်းသတ်ရေး ပစ္စည်းများနှင့် ဆောင်ရွက်ထားရှိရမည့်ပစ္စည်းများအား ပြောကြားကာ မီးသတ်ဆေးဘူး လက်တွေ့အသုံးပြုတတ်စေရန် သင်ကြားခဲ့ပြီး မီးဘေးလုံခြုံရေး စစ်ဆေးခြင်းနှင့် အကြံပြုဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မင်းထက်သာ

## ကလောခရိုင် ပြည်သူ့ဆေးရုံနှင့် အောင်ပန်းမြို့ လှည်းရိုးကျောင်းတိုက်တို့၌ သွားကျန်းမာရေး ကွင်းဆင်းကုသ

ကလော မေ ၂၅

ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်သူ့ဆေးရုံ၊ အောင်ပန်းမြို့နှင့် ဟဲဟိုးမြို့တို့အတွင်းရှိ မြို့နယ်၊ ကျေးရွာများတွင် မန္တလေးမြို့ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်မှ ပါမောက္ခများ ဦးဆောင်၍ ဘွဲ့လွန်သင်တန်းသားဆရာဝန်များပါဝင်သည့်အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်း ဆေးကုသပေးလျက်ရှိကြောင်း သိရသည်။

**ပေးအပ်လှူဒါန်း**

ထိုသို့ ကွင်းဆင်းကုသရာတွင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ် ဒေါက်တာကျော်တင့်၊ ဒုတိယပါမောက္ခချုပ် ဒေါက်တာအောင်ဝင်း၊ ပါမောက္ခ ဒေါက်တာမောင်မောင်မြင့်နှင့် ပါမောက္ခ ဒေါက်တာဇေယျာမောင်တို့ ဦးဆောင်သော သွားနှင့်ခံတွင်း အထူးကုဆရာဝန်များ၊ ဘွဲ့လွန်သွားဘက်ဆိုင်ရာကျောင်းသားကျောင်းသူများနှင့် နောက်ဆုံးနှစ် သွားဘက်ဆိုင်ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁၀၃ ဦးတို့က မေ ၂၅ ရက်မှ ၂၉ ရက်အထိ သွားဘက်ဆိုင်ရာရောဂါများ ကုသပေးခြင်း၊ အံကပ်များ အခမဲ့ တပ်ဆင်ပေးခြင်း၊ သွားနှင့်ခံတွင်းဆိုင်ရာ စစ်တမ်းကောက်ယူခြင်းနှင့် သွားကျန်းမာရေး အသိပညာပေးဟောပြောပွဲများ လုပ်ဆောင်မည်ဖြစ်ပြီး ယနေ့တွင် ကလောခရိုင် ပြည်သူ့ဆေးရုံ၌လည်းကောင်း၊ အောင်ပန်းမြို့တွင် လှည်းရိုးကျောင်းတိုက်၌လည်းကောင်း လူကြီး ၁၉၄ ဦး၊ ကလေး ၇၀ စုစုပေါင်း ၂၆၄ ဦးအား ကုသပေး၍၅၆ဦးအားအံကပ်ပြုလုပ်ပေးသည်။

အဆိုပါ သွားကျန်းမာရေး ကွင်းဆင်းကုသမှုအား ကျန်းမာရေးဝန်ကြီးဌာန ရှမ်းပြည်နယ်(တောင်ပိုင်း) ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာဝင်းနိုင်က လာရောက်ကြည့်ရှုပြီး ကလောမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာနန္ဒာလှမြင့်က ကွင်းဆင်းကုသပေးမည့် သွားဘက်ဆိုင်ရာအဖွဲ့အား အလှူငွေကျပ်သိန်း ၂၀ ကို လာရောက်ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

+ + +

**သစ်ပင်စိုက်မှ အရိပ်ရ၏**
**ရိပ်ခိုနားနေ အပန်းပြေ၏**

# တောင်ငူမြို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်



တောင်ငူ မေ ၂၅

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့သန့်ရှင်း သာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းဆောင်ရွက်ခြင်းကို ယနေ့နံနက် ၇ နာရီက အရှေ့ဘက် ကေတုမတီမုခ်ဦးမှ အနောက်ဘက်မုခ်ဦးအထိ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးတစ်လျှောက် ပြုလုပ်ကြသည်။

အဆိုပါစုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုတွင် ခရိုင်နှင့်မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် မြို့ပေါ် ရပ်ကွက် အုပ်ချုပ်ရေးမှူးများ စုပေါင်း၍ အရှေ့ဘက် ကေတုမတီမုခ်ဦးမှစ၍ အနောက်ဘက်မုခ်ဦးအထိ ဗိုလ်မှူးဖိုးကွန်းလမ်းမကြီးတစ်လျှောက် သန့်ရှင်းသာယာလှပစေရေးအတွက် ဆောင်ရွက်ပေးခဲ့ကြသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ဇော်ဝင်း၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးညဏ်လင်းအောင်နှင့် အဖွဲ့ဝင်များက လာရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# မူဆယ်မြို့၌ ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

မူဆယ် မေ ၂၅

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် အစိုးရသစ်လက်ထက် ပထမရက်(၁၀၀)ကာလအတွင်း ပြည်သူလူထုအကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မူဆယ်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးဌာနမှဝန်ထမ်းများ၊ သန္နိမီးသတ်တပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်း၍ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

အဆိုပါ သန့်ရှင်းရေးဆောင်ရွက်သည့်နေရာသို့ မူဆယ်ခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစန်းမင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်လင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။ ခရိုင်(ပြန်/ဆက်)

# လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) အထူးစီမံချက်ဖြင့် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အသက်(၁၀)နှစ်ပြည့် နိုင်-၃(က) နှင့် အသက်(၁၈)နှစ်ပြည့် နိုင်-၆(က)များ ထုတ်ပေးနိုင်ရေးအတွက် ယနေ့နံနက်ပိုင်းက လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ် အမှတ်(၉)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ ကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနမှ လဝကမှူး ဦးချစ်စိန် ဦးဆောင်၍ လဝကဝန်ထမ်းများ၊ ရပ် / ကျေးအုပ်ချုပ်ရေးတာဝန်ရှိသူများက ရပ်ကွက်နေပြည်သူများအား အသက်(၁၀)နှစ်ပြည့် နိုင်-၃(က)နှင့် အသက်(၁၈)နှစ်ပြည့် နိုင်-၆ (က)များ ပြုလုပ်ပေးခြင်းနှင့် ဇီဝဆိုင်ရာ



အချက်အလက်စစ်ဆေးခြင်းများကို မြေပြင်ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# မင်္ဂလာတောင်ညွန့်မြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် သာယာကုန်းရပ်ကွက် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် အသက်(၁၀)နှစ်အထက် နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသူများအား အစိုးရသစ်လက်ထက် ရက်(၁၀၀)စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ မြေပြင်ကွင်းဆင်းဆောင်ရွက်ခြင်းကို မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူးဦးမောင်မောင်က ကြီးကြပ်၍ ယနေ့နံနက်ပိုင်းက ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ရာ မြို့နယ်လဝကမှူး ဒေါ်မြမြသန်း၊ဒုတိယလဝကမှူး ဒေါ်ဆုဆုလှိုင်နှင့်လ/ထလဝကမှူးဦးမင်းခန့်အောင်တို့က မြို့နယ်ဦးစီးမှူးဦးမောင်မောင်၏ဦးဆောင်မှုဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ ဆက် )

# ဗိုလ်တထောင်မြို့နယ်၌ အထူးသန့်ရှင်းရေးဆောင်ရွက်



ရန်ကုန် မေ ၂၅

ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်မြို့နယ်၌ မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ၏ဦးဆောင်မှုဖြင့် စနေအထူးသန့်ရှင်းရေးဆောင်ရွက်မှုကို အမှတ်(၁၀)ရပ်ကွက် အနော်ရထာလမ်း (သိမ်ဖြူလမ်းနှင့်ဗိုလ်အောင်ကျော်လမ်းကြား)၊ အ.ထ.က(၆)၌ ယနေ့နံနက်ပိုင်းက ဆောင်ရွက်သည်။

သန့်ရှင်းရေးဆောင်ရွက်ရာသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဝင်းထိုက်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်မိုးကျော်၊ ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်လွင်တို့ လာရောက်ကြည့်ရှုအားပေးကြသည်။

သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ရာ၌ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစိုးလှိုင်မောင်နှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ စုစုပေါင်း ၇၅ ဦးဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ ခင်ဝင်း(ပြန်/ဆက်)

# နတ်တလင်းမြို့၌ မြို့နယ်စာရင်းစစ်ရုံးသစ်ဖွင့်

နတ်တလင်း မေ ၂၅

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်၌ မြို့နယ်စာရင်းစစ်ရုံးသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉နာရီက ရွာမရပ်ကွက် ဗိုလ်မင်းရောင်လမ်းမကြီး မြဝတီလမ်းသွယ်၌ ဆောင်ရွက်သည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ချုပ် ဒေါ်တင်တင်ငြိမ်း၊ ညွှန်ကြားရေးမှူး ဒေါ်လဲ့လဲ့ကြည်၊ သာယာဝတီခရိုင် ဒုတိယညွှန်ကြားရေးမှူး ဒေါ်အိအိငွေး၊ မြို့နယ်စာရင်းစစ်ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ဆရာတော်၊သံဃာတော်များထံမှ ပရိတ်တရားတော် နာယူကာ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့်တာဝန်ရှိသူများက မြို့နယ်စာရင်းစစ်ရုံးတည်ဆောက်ထားရှိမှုအခြေအနေများကိုလှည့်လှည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

ဝေယံဖြိုး(ပြန်/ဆက်)

**❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**

**❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။**


**ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၄) လမ်း၊ အမှတ်(၅၃၄)-ဒုတိယထပ်(B)၊ အကျယ်အဝန်း (၁၂ ½ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူကာ လက်ရှိနေထိုင်ပိုင်ဆိုင်သူ ဒေါ်ကျင်နုထံမှ ကျွန်ုပ်၏မိတ်ဆွေများက ဝယ်ယူမည်ဖြစ်၍ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားရှိပြီးဖြစ်ပါသည်။ အဆိုပါ တိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါရှိပြီး(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ စာချုပ်စာတမ်းအထောက်အထား(မူရင်း)များဖြင့် လာရောက်ပြသကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ပြီးပြတ်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်နန့်ရှုဂေးခလိန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၀၃၅/၁၂)**
**အမှတ်(၁၀၃)၊ သဒ္ဓါရုံလမ်း၊ (၄၇)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်း၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၁၀၆၁၃၅၄၊ ၀၉-၇၈၆၅၂၄၅၁၉**



**ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မြေနီကုန်းမြောက်ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ်(၃၅)၊ ခေါင်းရင်းခန်း၊ (၄)လွှာရှိတိုက်ခန်းနှင့်အကျိုးခံစားခွင့်အား တရားဝင်လက်ရောက်ရရှိပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသူ ဒေါ်မိုးမိုးအောင်[၁၀/မလမ(နိုင်)၀၂၆၂၉၄]မှ ရောင်းချရန်ကမ်းလှမ်းခဲ့၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်တင်တင်မြင့် [၁၂/ပဘတ(နိုင်)၀၂၀၂၉၂] မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအချို့အား ပေးချေထားပြီးဖြစ်သဖြင့် အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်တင်တင်မြင့် ၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ချောစုခင်(LL.B, LL.M)**
**အထက်တန်းရှေ့နေ(စဉ်-၅၆၉၇၄)**
**အမှတ်(၇၉)၊ မြေညီထပ်၊ (၃၈)လမ်း(အလယ်)၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၈၀၃၈၂၉၁၂**

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် ဧပြီ ၂၅

| | | |
|---|---|---|
| ချောက် | ၄၄ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းမူ | ၄၄ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၄၃ ဒသမ ၈ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၄၃ ဒသမ ၂ | ဒီဂရီဆဲလ်စီးယပ် |
| မုံရွာ | ၄၃ ဒသမ ၁ | ဒီဂရီဆဲလ်စီးယပ် |

# တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူပူးပေါင်းအဖွဲ့များ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့နှင့် အဆိုပါဒေသတစ်ခုလုံးအား အလုံးစုံပြန်လည်သိမ်းပိုက်ထိန်းချုပ်

နေပြည်တော် ဧပြီ ၂၅

ချင်းပြည်နယ်၏ ဒုတိယမြို့တော်ဖြစ်သည့် ဖလမ်းမြို့သည် ခရိုင်ရုံး၊ မြို့နယ်ရုံးများစိုက်ရာ တောင်ပေါ်မြို့တစ်မြို့ ဖြစ်သည်။ မြောက်ဘက်တွင် တီးတိန်မြို့နယ်နှင့် တောင်ဘက်တွင် ဟားခါးမြို့နယ်တို့ တည်ရှိကာ ဖလမ်းမြို့အနီး ဆူရ်ဘုန်တောင်တွင် လေယာဉ်ကွင်းရှိပြီး ချင်းပြည်နယ်၏ ပထမဆုံးလေဆိပ်ရှိသည့်မြို့ဖြစ်သည်။ ဖလမ်းမှတစ်ဆင့် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်သို့လည်းကောင်း၊ ဖလမ်း-ဟားခါးမှတစ်ဆင့် မကွေးတိုင်းဒေသကြီး ဂန့်ဂေါမြို့နယ်ဘက်သို့လည်းကောင်း သွားလာနိုင်ပြီး အချက်အချာကျပြီး နယ်မြေအေးချမ်းသည့် မြို့တစ်မြို့ဖြစ်သည်။

ထိုကဲ့သို့သော နယ်မြေအေးချမ်းသည့် တောင်ပေါ်ဒေသတွင် ရိုးသားစွာနေထိုင်လုပ်ကိုင်စားသောက်နေကြသည့် ပြည်သူများအား CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူ ပူးပေါင်းအဖွဲ့များက CRPH၊ NUG အကြမ်းဖက်အဖွဲ့တို့၏ သွေးထိုးမြှောက်ပင့်မှုနှင့်အတူ ဒီမိုကရေစီအရေးနှင့် ဒေသကောင်းစားရေးဟု နိုင်ငံရေးမက်လုံးများဖြင့် စည်းရုံးသိမ်းသွင်း၍ အကြမ်းဖက်သင်တန်းများပို့ချပေးခဲ့သည်။ ထိုသို့ အကြမ်းဖက်သမားများအဖြစ် မွေးထုတ်ပေးကာ နယ်မြေခံပြည်သူများ၏ အသက်အိုးအိမ်၊ စည်းစိမ်များကို ဖျက်ဆီးပြီး အစိုးရအုပ်ချုပ်ရေးယန္တရားများ ပျက်စီးကာ ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေးစေရန်ရည်ရွယ်၍ ချင်းညီနောင်စစ်ဆင်ရေးအမည်ဖြင့် မြို့ရွာများတွင် တိုက်ပွဲများ ဖော်ဆောင်ခြင်း၊ လုံခြုံရေးအားနည်းသော တပ်စခန်းငယ်များကို အင်အားအလုံးအရင်းအသုံးပြု၍ တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိရာ ဖလမ်းမြို့အား ၂၀၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○




တပ်မတော်စစ်ကြောင်းများက CDF အမည်ခံ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဖလမ်းမြို့အား ပြန်လည်သိမ်းပိုက်ရရှိစဉ်။

# ရန်ကုန်-မန္တလေး-ရန်ကုန် ခရီးစဉ်တွင် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထား တိုက်ရိုက်စတင်ပြေးဆွဲမည်



နေပြည်တော် ဧပြီ ၂၅

နိုင်ငံတော်သမ္မတ၏ လမ်းညွှန်မှာကြားချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့မီးရထားသည် ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် ရန်ကုန်-မန္တလေး-ရန်ကုန် ရထားခရီးစဉ်အဖြစ် အမှတ်(၅)အဆန်/အမှတ်(၆)အစုန် လေအေးပေးစက်ပါ ခေတ်မီ DEMU လူစီးအမြန်ရထားအား မေ ၁ ရက်မှစတင်၍ အောက်ပါအချိန်ဇယား အတိုင်း ပြေးဆွဲပေးသွားမည်ဖြစ်သည်။ စာမျက်နှာ ၁၉ ကော်လံ ၄ သို့ ✻

# ဇယားထိပ်က ဘာစီလိုနာအသင်းကို လိုက်မီဖို့ ၁၁ မှတ်ကွာသွားပြီဖြစ်တဲ့ ရီးယဲလ်မက်ဒရစ်

ရီးယဲလ်မက်ဒရစ်အသင်းဟာ ဧပြီ ၂၅ ရက် နံနက်ပိုင်းက ရီးယဲလ်ဘတ်တစ်အသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ်မှာ သရေရလဒ်သာ ထွက်ပေါ်ခဲ့တာကြောင့် အမှတ်ပေးဇယားထိပ်ဆုံးက ဘာစီလိုနာအသင်းကို လိုက်မီဖို့ ၁၁ မှတ်ကွာသွားပြီ ဖြစ်ပါတယ်။ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ ရီးယဲလ်ဘတ်တစ်အသင်းတို့ပွဲစဉ်မှာ တစ်ဖက်တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့ပြီး လာလီဂါပွဲစဉ် ၃၃ ယှဉ်ပြိုင်ကစားပြီးချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းဟာ ရမှတ် ၇၄ မှတ်သာ စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။

အမှတ်ပေးဇယားထိပ်က ဘာစီလိုနာအသင်းကတော့ ဂီတာဖေးအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ စပိန်လာလီဂါပွဲစဉ် ၃၃ ပြီးချိန်မှာ ရမှတ် ၈၅ မှတ် စုဆောင်းနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ✪



ရီးယဲလ်မက်ဒရစ်အသင်းနှင့် ရီးယဲလ်ဘတ်တစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**

**နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့အတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန်နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို**

စာမျက်နှာ » ၁၅